# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၁၄)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့်အဖွဲ့ဝင်များအား ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယသမ္မတ နိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr.Shri Pranab Mukherjee နှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr.Shri Pranab Mukherjee အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. Shri Pranab Mukherjee နှင့်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

**အယ်ဒီတာ့ အာဘော်**
(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

# အမေရိကန်၏ မြန်မာ့ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ရန် လုပ်ဆောင်မှု မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တို့ဆန့်ကျင်ရှုတ်ချ

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတ အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့များက သဘောထားကြေညာချက် အသီးသီးထုတ်ပြန်၍ ဆန့်ကျင်ရှုတ်ချခဲ့ကြသည်။

အမေရိကန်တို့က မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် တစ်ဖက်သတ်ဖိအားပေး လုပ်ဆောင်ခဲ့သည်။

အမေရိကန်သည် ၎င်းတို့၏ အကျိုးစီးပွားသက်သက်အတွက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန် လုပ်ကြံစွပ်စွဲချက်များဖြင့် ကုလသမဂ္ဂကို ခုတုံးလုပ်အသုံးချပြီး လုပ်ဆောင်ဖန်တီးမှုမှာ မိတ်ဖက်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ စည်းလုံးညီညွတ်မှုကြောင့် ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။

ယင်းကဲ့သို့ မမှန်ကန်သော လုပ်ကြံစွပ်စွဲချက်များကို အရင်းတည်ပြီး ကုလသမဂ္ဂတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့လုပ်ရပ်သည် မြန်မာပြည်သူများ၏ သဘောဆန္ဒအား ဆန့်ကျင်ရာရောက်ပြီး အမှန်တရားကို မျက်ကွယ်ပြုခြင်းကြောင့် မြန်မာပြည်သူတစ်ရပ်လုံးနှင့်အတူ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကန့်ကွက် ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး တို့ကလည်း အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်မကန် ဝင်ရောက်စွက်ဖက်သည့် လုပ်ရပ်ကိုလည်းကောင်း၊ အတိုင်အဖောက်ညီညီ အချိန်ကိုက်ပြီး လိုက်ပါလှုပ်ရှားခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပမှ အမျိုးသားသစ္စာဖောက်များကိုလည်းကောင်း ဆန့်ကျင်ရှုတ်ချခဲ့ကြ သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှန် ဖြစ်ပေါ်တိုးတက်နေမှုကို လေ့လာသုံးသပ်မှု မရှိဘဲ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ရန် သက်သက်ဖြင့် လုပ်ကြံလီဆယ်ကြိုးပမ်းဆောင်ရွက်နေခြင်းမှာ ၎င်းတို့၏ ဩဇာခံ ရုပ်သေးအစိုးရ တင်မြှောက်နိုင်ရေးအတွက် ဖန်တီးလုပ်ဆောင်မှုများသာဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများ အား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## မနောမယ ပတ္တမြားစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ပဲခူးတိုင်း ဥက္ကလာပမြို့သစ် ရန်ကုန် – မန္တလေးလမ်းမကြီး ပညာမွန်ကျောင်းတိုက် ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်အပ်သော မနောမယပတ္တမြား စေတီတော်မြတ်ကြီး နဝမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၁ရက်)တွင် ကျင်းပမည်ဖြစ်သည်။

နှစ်စဉ်အလှူရှင်ဖြစ်သော ဦးသိုင်းဝင်း (သီဟသုဓမ္မဇောတိကဓဇ) ဇနီး ဒေါ်ရွှေညွန့် (သီရိသုဓမ္မသင်္ဂဟ) မိသားစု ဘီတီဘီကုမ္ပဏီ အလုံမြို့နယ်က ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့အား နံနက်ပိုင်းတွင် ထမနဲ၊ ဆွမ်းဘောဇဉ်၊ ချိုချဉ်၊ သစ်သီး၊ ပန်း၊ ဆီမီးတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ ပင့်သံဃာတော်၅၄ပါးတို့အား ဆွမ်းဆန်စိမ်းများလောင်းလှူ၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂–၁–၂၀၀၇**
**(တနင်္လာနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် အဓိပတိမဟာ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဉာဏိဿရ၏ **“ကိုယ့်စားကျက်မှာကိုယ်နေ တရားတော်”**
- ၈:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (အပိုင်း–၂) (ဒေါက်တာနိုက်တင် ဂေးလ်နှင့် ဆွေးနွေးခန်း) (ပဋိသန္ဓေတားဆီးခြင်း၊ ကိုယ်ဝန်ရှိခြင်းနှင့် ပျက်ခြင်း၊ အက်တိုးပစ် ကိုယ်ဝန်ဆိုင်ရာ ပြဿနာများ)
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ ခဲမဟုတ်တဲ့ ခဲတံ
- ၉:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၅ ပန်းရောင်စုံပွင့်လန်း လို့ိုင်ကော်အိမ်တွင်းမှုသင်တန်း
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၉:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၀ သွားကျန်းမာရေးပညာပေး ဟောပြောပွဲနှင့် အခမဲ့ ကွင်းဆင်းကုသခြင်း
- ၁၀:၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၀ ကုန်ပစ္စည်းမိတ်ဆက်
- ၁၀:၃၅ တေးဂီတအစီအစဉ်
- ၁၀:၄၀ ခွန်အားတိုးတက် အားအင်ပြည့် ဖြိုးစေမည့် နို့တစ်ခွက်
- ၁၀:၅၀ သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊ မောင်ဂဠုန်)
- ၁၁:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၄၅ မီးအပူပေးပြုပြင်ခြင်းနည်းပညာ
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၀၅ Movies Talk [ဒါရိုက်တာ ဟိန်းဇော်၊ စည်သူမောင် (သရုပ်ဆောင်)တို့နှင့် တွေ့ဆုံခြင်း]
- ၁၂:၄၅ တေးဂီတအစီအစဉ်
- ၁၂:၅၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး)
- ၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက်၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီ အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှု နိုင်ပါသည်။**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission Vice Chairman H.E.Mr. Zhang Guobao နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Guan Mu တို့လာရောက်တွေ့ဆုံစဉ်။ (စွမ်းအင်)

**ရန်ကုန်မြို့ ပုဇွန်တောင် မြို့နယ်နေ ဦး တင် မောင် ဝင်း၊ ဒေါ်ဖြူဖြူ၊ သားကြီး ကိုချစ်ဝင်း–မမေထက် ဦး၊ သမီး မစန္ဒာဝင်း၊ သားငယ် မောင်တင့် ဝင်းနှင့် မြေး မောင် ပြည့်ဖြိုးအောင်၊ မရွှန်း လဲ့ဝင်းတို့က သုံးထပ် ဘိုးဘွားဆောင်သစ် ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ် ရေး အဖွဲ့ဥက္ကဋ္ဌ ဦး ကျော်ရှိန်ထံ ပေးအပ် လှူဒါန်းစဉ်။** (က–ပ)

## စွမ်းအင် ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့များတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission Vice Chairman H.E. Mr. Zhang Guobao နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Guan Mu တို့ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၁၅ရက် နံနက် ၁၁နာရီကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Petro China ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Mr. Liao Yong Yuan ဦးဆောင်သောအဖွဲ့သည် ညနေ ၃နာရီကလည်းကောင်း နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ ILBC တာမွေလေးသံလမ်း) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ပါရမီရိပ်သာ ဇီဇဝါလမ်း ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)-ဒေါ်တင်တင်မြင့် အမှူးထား၍ သမီး ဒေါက်တာ ယုဇနစောမြင့် (ကလေးအထူးကု တွဲဖက်ပါမောက္ခ)မိသားစုက အလှူငွေ ကျပ်တစ်သိန်းနှင့် စစ်ကိုင်း မင်းကွန်းလမ်းအတွက် ငွေကျပ်လေးသောင်းလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၁

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ပဋ္ဌမအကြိမ်အစည်းအဝေးကို ဇန်နဝါရီ၁၇ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ အဖွဲ့ ခုနစ်ဖွဲ့၏ အဖွဲ့တာဝန်ခံဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းအသီးသီးမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကား ပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က လေးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို တင်ပြဆွေးနွေးသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းများ၏ ခေါင်းဆောင်များဖြစ်ကြသော ဒုတိယဝန်ကြီးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ရရှိသော အောင်မြင်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် နည်းလမ်းများနှင့် လုပ်ငန်းအစီအစဉ်များကို အသီးသီး တင်ပြဆွေးနွေးကြသည်။

**ရှေ့လုပ်ငန်းစဉ်ချမှတ်**

အဖွဲ့အသီးသီး၏ ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရှေ့လုပ်ငန်းစဉ်(၇)ရပ်ချမှတ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဆင်းလှခြင်း၊ မလှခြင်း စသည့်အကြောင်းများ

အင်္ဂုတ္တရနိကာယစတုက္ကနိပါတ်မလ္လိကာဒေဝီသုတ်ပါဠိ ၅၂၃၊ အဋ္ဌကထာ ၃၇၂၌ **အဆင်းလှခြင်း၊ မလှခြင်း** အကျိုးတရားများသည် အောက်ပါပြမိသော ကံတရားပေါ်တွင်တည်မှီ၍ ဖြစ်ပျက်တတ်ကြောင်းကို ဖော်ပြထားပါသည်-

- **ဒေါသကြီးသူသည် အဆင်းမလှ ဖြစ်ရတတ်၏၊**
- **အမျက်မထွက် သည်းခံတတ်သူသည် ရုပ်အဆင်းလှပတတ်၏၊**
- **မလှူဒါန်း၊ မပေးကမ်းတတ်သူသည် ဆင်းရဲတတ်၏၊**
- **လှူဒါန်းပေးကမ်းတတ်သူသည် ချမ်းသာတတ်၏**

ဟု ဟောကြားတော်မူသည်။

ရုပ်အဆင်းလှပတင့်တယ်၍ အခြွေအရံသင်းပင်းနှင့် ဉစ္စာပစ္စည်း ပေါများလိုပါလျှင် သီလဆောက်တည်၊ သည်းခံခွင့်လွှတ်၊ ပေးကမ်းလှူဒါန်းခြင်းဖြင့် မိမိတို့အလိုရှိသည့်ဆန္ဒ ပြည့်ဝကြပါစေသတည်း။ ။

**(သာသနာရေး)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း တော် ကြီး ဆောက် လုပ် ရန် အတွက် ရန်ကုန်မြို့ လသာမြို့နယ်အမှတ် (၁)ရပ်ကွက် ၁၈ လမ်းနေ ဦးလွင်ဦး၊ ဒေါ်ကြည်ကြည်စိန် မိသားစုက အလှူငွေ

**ကျပ် ၆၀၀၀၀၀ ကို ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဦးဇောတိက (ပုညသုခကျောင်းတိုက်) သရက်တောလမ်းမတော်မြို့နယ်၏ ရှေ့မှောက်တွင်လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံယူစဉ်။** (က-ပ)

# ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်း ပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်ရာ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀ ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ(ပညာရေးကောလိပ် သင်တန်းဆင်းများ အပါအဝင်)သည် ဦးနု၊ ဦးသာအောင်ကျော် ဖုန်း-၂၀၂၈၈၆/၅၂၁၃၊ ဦးမဲအောင် ဖုန်း-၅၇၇၇၆၁၊ ဦးလှထွန်း ဖုန်း-၅၄၈၉၇၉၊ ဒေါ်ခင်စမ်းရည် ဖုန်း-၀၂-၆၆၄၀၂၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၃၀၆၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇-၄၁၄၃၅၂၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၅၇၇၀၇၂၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉ နှင့် ဦးကျော်ဒွေးသို့တို့ လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ပညာရေးမှူးများမှတစ်ဆင့် လည်းကောင်း ဧပြီ ၂၆ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ် ပေးပို့လှူဒါန်းနိုင်ကြကြောင်းနှင့် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြစေလိုကြောင်း အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# ကျောက်ဆည်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ကျောက်ဆည်မြို့နယ် အသင်း (ရန်ကုန်)၏ ပဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည် ဓမ္မာရုံဗိမာန်တော်၌ ကျင်းပရာ ဥက္ကဋ္ဌ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)က အမှာစကားပြောကြားသည်။

**ရွေးချယ်တင်မြှောက်**

ဆက်လက်၍ အသင်းနာယက ဒေါ်ကြည်ခင်၊ ဥက္ကဋ္ဌ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)နှင့် အလုပ်အမှုဆောင်များက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီး ၁၀ ဦးအား ပညာရည်ချွန်ဆု ချီးမြှင့်ကြပြီး အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းနှင့် ဓမ္မာရုံ ငွေစာရင်းရှင်းတမ်း၊ အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက်များအား အတည်ပြုကြကာ လစ်လပ်လျက်ရှိသော အမှုဆောင် တစ်နေရာအား ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

**ကျောက်ဆည်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသားတစ်ဦးအား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၄)တွင် အဆောက်အအုံသစ်များ၏ နေအိမ်အခန်းတိုင်းတွင် မီးသတ်ဆေးဘူးများ ထားရှိရန် စိစစ်နေ၊ ဆိုင်ကယ်မစီးနင်းရ နယ်မြေအတွင်း ဆိုင်ကယ်စီးနင်းမှု ကြပ်မတ်အရေးယူသွားမည်၊ ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းတွင် အသုံးပြုရန် စက်တပ်ရေယာဉ် ၁၀ စင်း အလုံသင်္ဘောကျင်းတွင်တည်ဆောက်ပြီ၊ မလေးရှားနိုင်ငံရှိ အဆင့်မြင့်ဆေးရုံကြီးတွင် မြန်မာစကားကျွမ်းကျင်ဝန်ထမ်းများ ခန့်ထား၊ အဝေးပြေးယာဉ်များ ရှာဖွေစစ်ဆေးမှု ပိုမိုတင်းကျပ်ရန်ရှိ၊ ခရီးသည်တင် ယာဉ်များပေါ်တွင် အနှောင့်အယှက်တွေ့၍ ရဲစခန်းသို့ မောင်းခိုင်းသည်ကို မောင်းမပေးလျှင် တိုင်ကြားနိုင် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

**‘ရီးရဲလ်နည်းပြ ကာပယ်လိုအတွက် မျှော်လင့်စရာ ဖလားတစ်လုံး’** အားကစားဆောင်းပါးနှင့်အတူ ထိုင်းလေကြောင်း ပြည်တွင်းခရီးစဉ်များ ဒွန်မောင်းလေဆိပ်သို့ ပြန်ပြောင်းရွှေ့ရ၊ အဲအေးရှားလေကြောင်းအုပ်စု လေယာဉ်အစင်း ၅၀ ထပ်ဝယ်၊ ဂျပန် အထက်တန်းကျောင်းတွင် တူကိုင်ကျွမ်း မကျွမ်းစာမေးပွဲဖြေရ၊ တရုတ်နိုင်ငံ၌ စီးကရက်အတု အလိပ်ပေါင်း ကုဋေကိုးရာ ဖမ်းဆီးရမိ၊ တီထွင်သူပညာရှင်က နှလုံးအတုကို ပြတိုက်သို့လှူဒါန်း စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား

**၂၂-၁-၂၀၀၇**
**(တနင်္လာနေ့)**
**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၂၅ | ၄။ | ကြည်နူးနားဆင်ပြုံးပျော်ရွှင် |
| ၄း၃၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၇။ | ကြည်နူးရွှင်ပျော် တေးသရုပ်ဖော် |
| ၅း၃၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်”**(အပိုင်း၁၆) (ဇာတ်သိမ်းပိုင်း) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | မေးမြန်းစူးစမ်း |
| | ၁၈။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း-၁၅) |

# အီရတ်စစ်ပွဲကိစ္စ၌ သမ္မတဘုရှ် အကြိမ်ကြိမ်လိမ်ညာခဲ့ ကွန်ဂရက်၏ ခွင့်ပြုချက်မရဘဲ အီရန်ကို ဝင်မတိုက်ရေး အမေရိကန်အောက်လွှတ်တော်အမတ်များ သတိပေး

ဝါရှင်တန် ဇန်နဝါရီ ၂၁

**အမေရိကန် ကွန်ဂရက်၏ ခွင့်ပြုချက်မရဘဲ အမေရိကန်နိုင်ငံအနေဖြင့် အီရန်ကို တိုက်ခိုက်ခြင်းမပြုနိုင်အောင် ဥပဒေပြဋ္ဌာန်းရေးကို ရီပတ်ဘလီကင်နှင့် ဒီမိုကရက်ပါတီ နှစ်ရပ်စလုံးမှ အောက်လွှတ်တော်အမတ်များက ဇန်နဝါရီ ၁၈ရက်က တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။**

သတိပေး

အီရတ်၏အိမ်နီးချင်းနှင့် အီရန်နိုင်ငံအား သမ္မတဘုရှ်အစိုးရက ရန်စတိုက်ခိုက်မည်ကို စိုးရိမ်ကြောင်း အမေရိကန်အမတ်များက ထုတ်ဖော် ပြောဆိုလာစဉ်တွင် မြောက်ကာရိုလိုင်းနားပြည်နယ် ရီပတ်ဘလီကင် အောက်လွှတ်တော်အမတ် ဝေါလ်တာဂျုံးဦးဆောင်ပြီး အထက်ပါအတိုင်း သတိပေးလာခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်

သာမန်အားဖြင့် ဥပဒေပြဋ္ဌာန်းရေးမှာ အထက်နှင့်အောက်လွှတ်တော်နှစ်ရပ်၏ ပူးတွဲဆုံးဖြတ်ချက်နှင့်တကွ သမ္မတဘုရှ်က လက်မှတ်ထိုးရန် လိုအပ်သည်။ အီရန်က အမေရိကန်ပြည်ထောင်စု သို့မဟုတ် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှသာလျှင် သို့မဟုတ် တိုက်ခိုက်အံ့ဆဲဆဲဖြစ်လျှင် သမ္မတအနေဖြင့် အမေရိကန်ကွန်ဂရက်၏ ခွင့်ပြုချက်ရယူရန် မလိုပေ။

လိမ်ညာခဲ့

အရှေ့အလယ်ပိုင်းတွင် အီရန်ကို မယုံရသကဲ့သို့ သူ့အနေဖြင့် အမေရိကန်အိမ်ဖြူကိုလည်း မယုံကြည်ကြောင်း မက်ဆာချူးဆက်ပြည်နယ် ဒီမိုကရက်တစ် အောက်လွှတ်တော်အမတ် မာတင်မီဟန်က ပြောကြားသည်။ အီရန်ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်လိုကြောင်း အဘယ်ကြောင့်ဆိုသော် အီရတ်ကို ၂၀၀၃ခုနှစ်တွင်မဝင်ရောက်မီ ဘုရှ်အစိုးရသည် အကြိမ်ကြိမ်လိမ်ညာခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ၎င်းကထည့်သွင်းပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

## ဥမင်လိုဏ်ခေါင်း

**တရုတ်နိုင်ငံ ရှန်စီပြည်နယ် အနောက်မြောက်ပိုင်းရှိ ကွမ်လင်းတောင်ကို ဖြတ်လျက် ဖောက်လုပ်ထားသည့် ဥမင်လိုဏ်ခေါင်းတစ်ခုကို ဇန်နဝါရီ ၂၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

**ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ ရုပ်မြင်သံကြား ထုတ်လုပ်သည့် စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇန်နဝါရီ၂၀ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ၂၀၀၆ခုနှစ်၌ တရုတ်နိုင်ငံသား ၃၄သန်းကျော် ပြည်ပသို့ ခရီးသွားရောက်ခဲ့ကြ

ကျိုနန် ဇန်နဝါရီ ၂၁

**တရုတ်နိုင်ငံသားများအနေဖြင့် ၂၀၀၆ခုနှစ်က လူပေါင်း ၃၄ သန်း ခရီးသွားခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၁၀ ရာခိုင်နှုန်းခန့်ရှိခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့ (အင်တီအေ)က ဇန်နဝါရီ ၁၉ ရက်၌ ပြောကြားသည်။**

တရုတ်အစိုးရက တရုတ်နိုင်ငံသားများအား ကမ္ဘာ့ဒေသနှင့်နိုင်ငံပေါင်း ၁၃၅ ခုတို့အား ခရီးသွားလာ ခွင့်ပြုထားခဲ့သည်။ ထိုနိုင်ငံနှင့် ဒေသများသို့ ခရီးသွားလာရာတွင် ဗီဇာများရရှိရေးကိုလည်း ကူညီဆောင်ရွက်ပေးခဲ့သည်။

**ဆက်ဆံရေးတိုးမြှင့်**

ထိုသို့ပြုလုပ်ပေးခြင်းဖြင့် တရုတ်နိုင်ငံနှင့်အခြားနိုင်ငံများအကြား ဆက်ဆံရေးတိုးမြှင့်မှုရရှိစေရန် မှန်ကန်သောလုပ်ရပ်တစ်ခု ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသားများ ခရီးပိုမိုသွားလာစေရန်၊ သွားလာနိုင်သည့် နိုင်ငံအရေအတွက် တိုးမြှင့်လာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အင်န်တီအေအဖွဲ့မှ ညွှန်ကြားရေးမှူး လျိုကျူဝေက ပြောကြားသည်။

ထို့အပြင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (ဒဗလျူတီအို)အပါအဝင် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွား မည်ဖြစ်သည်။

**တိုးတက်မှု**

ထို့အတူ တရုတ်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၆ခုနှစ်က ကမ္ဘာလှည့်ခရီးသွား ၁၂၄သန်းရောက်ရှိခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

**ဆိုးလ် ဇန်နဝါရီ ၂၁**

တောင်ကိုရီးယားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားပြီးနောက် ကြက်ဘဲ ၂၇၀၀၀၀ ကျော်ကို သုတ်သင်ပစ်ရန် အာဏာပိုင်များက ပြင်ဆင်လျက်ရှိသည်။ နိုဝင်ဘာလတွင်ရောဂါဖြစ်ပွားမှု စတင်တွေ့ရပြီး နောက်ဆုံးရောဂါဖြစ်ပွားသည့် ဒေသမှာ တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းဖြစ်သည်။

**ကူးစက်စေနိုင်**

လူကိုကူးစက်ဖြစ်ပွားစေနိုင်သည့် အိတ်ချ်-၅ အင်န်-၁ ဗိုင်းရပ် ပိုးဟုတ်မဟုတ်ကို တိရစ္ဆာန်ကျန်းမာရေးကျွမ်းကျင်သူများက မဆုံးဖြတ်နိုင်သေးဟု သိရသည်။ တောင်ကိုရီးယားနိုင်ငံ၌ သုံးနှစ်ကြာ ရောဂါကင်းဝေးနေပြီးမှ လွန်ခဲ့သည့်

**တားဆီးကာကွယ်**

ကမ္ဘာတစ်ဝန်းတွင် ထိုရောဂါကြောင့်သေဆုံးသူ ၁၆၀ ကျော်ရှိသည်။ ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးအတွက် ကြက်ဘဲများကို မွေးမြူရေးခြံ၌ မီတာ၅၀၀ အတွင်း သုတ်သင်ပစ်ရမည်ဟုဆိုသည်။ **(အင်တာနက်)**

# အိန္ဒိယတောင်ပိုင်း၌ ရေယာဉ်တိမ်းမှောက် ၁၀ ဦးသေဆုံး၊ ၃၇ဦး ပျောက်ဆုံး

**နယူးဒေလီ ဇန်နဝါရီ ၂၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ မြစ်အတွင်း၌ ခရီးသည် ၄၅ ဦးသယ်ဆောင်လာသည့် ရေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၁၉ ရက်က တိမ်းမှောက်ရာ ခရီးသည် ၁၀ ဦးသေဆုံးပြီး ၃၇ ဦးပျောက်ဆုံးလျက်ရှိကြောင်း အင်ဒို-အာရှသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

**ဖြစ်ပွားမှု**

ယင်းဖြစ်ပွားမှုသည် အန်ဒရာပရာဒေ့ရှ်ပြည်နယ် မဟာဘတ်နဂရာ ခရိုင်ရှိ ဒေသပွဲတော်မှ ခရစ်ရှနာမြစ် အတွင်း ရေယာဉ်ဖြင့်ပြန်လာစဉ်တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်းဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

**ယူဆကြောင်း**

ရေယာဉ်ပေါ်၌ ခရီးသည် မတန်တဆတင်ဆောင်မှုကြောင့် ဖြစ်ပွားနိုင်သည်ဟု ရဲတပ်ဖွဲ့က ယူဆကြောင်းနှင့် ကယ်ဆယ်ရေးလုပ်သားများက မြစ်အတွင်းရှာဖွေရာတွင် အလောင်းသုံးလောင်း တွေ့ရှိခဲ့သည်။

**ပြောကြားချက်**

သို့ရာတွင် ခရိုင်အရာရှိများ၏ ပြောကြားချက်အရ သေဆုံးသူ ၁၀ဦး ရှိကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ကာကွယ်တားဆီး

**တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းရှိ မွေးမြူရေးခြံများ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၂၀ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်၌သေဆုံးသည့်ကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၀၃၀ရှိပြီ

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၁**

ဘဂ္ဂဒက် မြို့တော်အတွင်း ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ၁၉ရက်က ကြေညာသည်။

မြို့တော်အတွင်း မော်တော်ယာဉ်တန်းဖြင့် ဇန်နဝါရီ၁၈ရက်က ကင်းလှည့်စဉ်တွင် လမ်းဘေးကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရခြင်း ဖြစ်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ သေဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်နှင့်ဆိုလျှင်၂၀၀၃ခုနှစ် မတ်လက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ် နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ပြီး နောက်ပိုင်း အီရတ်၌သေဆုံးသည့်အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၀၃၀ ရှိသွားပြီဖြစ်သည် ဆို၏။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေးစုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် ဖွင့်ပွဲကျင်းပ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး တက်ရောက်အားပေးချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသော နေပြည်တော် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီက ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ တက်ရောက်အားပေး ချီးမြှင့်သည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးရေး အစီအစဉ်သို့ ကာကွယ်ဆေး လာရောက်ထိုးရန် လာရောက်ကြသည့် ကလေးနှင့် မိခင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

## ဖွင့်လှစ်ပေး

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ကန်တော်မင်္ဂလာခန်းမရှေ့ မျက်နှာစာ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

## အစကောင်းမှ အနှောင်းသေချာ

ထို့နောက် ဖွင့်ပွဲအစီအစဉ်များကို ကန်တော်မင်္ဂလာ ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံသားတိုင်း၏ ဘဝတစ်လျှောက် ကျန်းမာရေးအတွက် အစကောင်းမှ အနှောင်းသေချာ ဆိုသကဲ့သို့ ကလေးဘဝမှစတင်ပြီး ကျန်းမာကြံ့ခိုင်ရန် လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရင်သွေးငယ်များ ကျန်းမာကြံ့ခိုင်စေရေးကို အဘက်ဘက်မှ အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ရေးသည် ကုသရေးထက် ပိုမိုအကျိုးရှိသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကလေးငယ်များအား ကာကွယ်ဆေးဖြင့် ကာကွယ်၍ ရသော ရောဂါများဘေးမှ ကင်းဝေးအောင် တိုးချဲ့ ကာကွယ်ဆေးထိုး စီမံချက်ကို မြန်မာနိုင်ငံတွင် ၁၉၇၈ခုနှစ်မှ စတင်ပြီး ဆောင်ရွက်ခဲ့ရာ တီဘီရောဂါ၊ ဆုံဆို့ကြက်ညှာမေးခိုင်ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့ကြောင်း၊ ၁၉၈၇ ခုနှစ်တွင် ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်တွင် အသည်းရောင် အသားဝါ ဘီရောဂါ ကာကွယ်ဆေးကို ကလေးများအား စတင် ထိုးနှံပေးနိုင်ခဲ့ကြောင်း၊ ယခုအခါတွင် စုစုပေါင်းရောဂါ ခုနစ်မျိုးအတွက် ကာကွယ်ဆေး တိုက်ကျွေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိကြောင်း။

ဝက်သက်ရောဂါဖြစ်သည့်ကလေးများကို လေ့လာကြည့်မည် ဆိုလျှင် ဝက်သက် ကာကွယ်ဆေးထိုးနှံဖို့ရန် အခွင့်အလမ်းမရရှိခဲ့သည့် ကလေးအများစု ဖြစ်သည်က တစ်ကြောင်း၊ ဝက်သက်ကာကွယ်ဆေး၏ အာနိသင်သည် ၈၅ရာခိုင်နှုန်းသာရှိ၍ ဝက်သက်ကာကွယ်ဆေးထိုးပြီးသည့် ကလေးများတွင် ဒုတိယအကြိမ် ဝက်သက်ကာကွယ်ဆေးထိုးနှံရန် အခွင့်အလမ်းပေးရန်လိုအပ်နေသည်ကတစ်ကြောင်း ကြောင့်ဖြစ်ရသည်ဆိုသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် မြန်မာရင်သွေးကလေးငယ်များအား ပြန်လည်ခေါင်းထောင်လာသည့် ဝက်သက်ရောဂါ၏ ဘေးအန္တရာယ်မှကင်းဝေးစေရန် ဝက်သက်ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်လာကြောင်း။

## အခွင့်အလမ်းပိုမိုရရှိရေး

သို့ပါ၍ အနာဂတ်မြန်မာနိုင်ငံ၏ ဝက်သက်ရောဂါဖြစ်ပွား သေဆုံးမှု လျှော့ချနိုင်ရေးနှင့် မြန်မာ့ရင်သွေးငယ်များ ကာကွယ်ဆေးထိုး အခွင့်အလမ်း ပိုမိုရရှိစေရေးတို့အတွက် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများအကောင်အထည်ဖော်ရေးစီမံချက်ကို ယခုနှစ်တွင် စတင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

## အစီအစဉ်အသစ်

ယခုနှစ်တွင် စတင် အကောင်အထည်ဖော်မည့် စုစည်းမဟာဗျူဟာများအရ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ယခင်က ကလေး အသက်ကိုးလ အရွယ်တွင် တစ်ကြိမ်တည်းသာ ထိုးနှံနေရာမှ ယခုအခါ ကလေးအသက်ကိုးလအရွယ်မှာ တစ်ကြိမ်၊ တစ်နှစ်ခွဲမှ နှစ်နှစ်အရွယ်တွင်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်ထိုးနှံသည့် ဝက်သက်ကာကွယ်ဆေးထိုး အစီအစဉ်အသစ်ကို စတင်၍ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ဝက်သက်ကာကွယ်ဆေး မထိုးလိုက်ရသည့် ကလေးများနှင့် အပြည့်အဝ ရောဂါကာကွယ်နိုင်မှု မရရှိခဲ့သော ကလေးများကို ဒုတိယအကြိမ်အဖြစ် ဝက်သက်ကာကွယ်ဆေးထိုးနှံပေးခြင်း မဟာဗျူဟာကို အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာတစ်နိုင်ငံလုံးမှာရှိသည့် အသက်ကိုးလမှ ငါးနှစ်အောက်ကလေးများကို ဝက်သက်ကာကွယ်ဆေးများ ထိုးနှံပေးသွားမည် ဖြစ်ကြောင်း။

၂၀၀၇ခုနှစ် နေပြည်တော်တွင် ဆောင်ရွက်မည့် **"ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းစီမံချက်"**ကို ဆောင်ရွက်ရာတွင် နေပြည်တော်အတွင်း၌ နေထိုင်ကြသည့် တပ်ရင်းတပ်ဖွဲ့များ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ ရွှေ့ပြောင်း လုပ်သားများနှင့် မြို့နယ်များမှ အသက်ကိုးလမှငါးနှစ်အောက် ကလေးများကို ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးသွားမည် ဖြစ်ကြောင်း။

ယင်းသို့ ထိုးနှံပေးရာတွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီ၁၄ရက်မှ ၂၇ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## အဓိကကျ

နေပြည်တော်တွင် ဆောင်ရွက်နေသည့် ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် ပံ့ပိုးပေးခဲ့ကြသည့် တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများ၏ ကူညီပံ့ပိုးဆောင်ရွက်မှုသည် အလွန်အဓိကကျသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

ဤသို့ အကူအညီပေးခဲ့သည့် အဖွဲ့ အစည်းများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း၊ ယခုနှစ် **"ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်"** တွင်လည်း ဆက်လက်ကူညီပံ့ပိုးကြရန် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ **"ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက် (၂၀၀၇)"**ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်လာကြသည့် ဧည့်သည်တော်များအနေဖြင့် မြန်မာနိုင်ငံရှိ ကလေးများအားဝက်သက်ရောဂါဘေးမှ ကင်းဝေးစေရန် ဝက်သက်ကာကွယ်ဆေး ထိုးနှံခြင်း ရာခိုင်နှုန်းပြည့် လွှမ်းခြုံမှု ရရှိရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မှာကြားသွားသည်။

## ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် ကလေးငယ်များအား လက်ဆောင် ပစ္စည်းများ ပေးအပ်ပြီး ဝက်သက်ကာကွယ်ဆေးထိုးနှံနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်၊ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်ရင်း၌ အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးရေး အစီအစဉ်ကျင်းပသော အခမ်းအနားသို့ တက်ရောက်၍ ကလေးငယ်များအား လက်ဆောင် ပစ္စည်းများပေးအပ်ကာ ဝက်သက်ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးသည်။

## ထိုးနှံပေး

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးရေးအစီအစဉ်အဖြင့် ပျဉ်းမနားခရိုင်အတွင်း မြို့နယ်များ၌ စုရပ်အသီးသီးတွင် အသက်ကိုးလမှ ငါးနှစ်အောက်ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

---

ဇန်နဝါရီ ၁၅ရက်က ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာဝန်ဒေါ်ခင်မမဦးဆောင်သော အဖွဲ့က အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးဆောင်ရွက်ရာသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်တင်တင်ဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိန်နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

## ကျိုက္ကလော့မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၁**

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီး အနီးရှိ ကျိုက္ကလော့ ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာ ဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဇန်နဝါရီ ၂၆ရက်မှစ၍ ကျင်းပသွားမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူယောဂီများ ဇန်နဝါရီ ၂၅ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့် ဆွမ်းအချိုပွဲ၊ အအေးလှူဒါန်းလိုသူများ ဖုန်း-၆၃၅၆၃၂သို့ ကြိုတင် ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

**ဇန်နဝါရီ ၂၁ ရက်ကအစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို ဗဟန်း မြို့နယ် အနောက် ရွှေဂုံတိုင် ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးကိုကိုနိုင်၊ ရပ်ကွက် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းညွန့်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးကြစဉ်။**

(က-ပ)

## အထက(၂)တောင်ဥက္ကလာ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

တောင်ဥက္ကလာပမြို့နယ်အထက (၂) ကျောင်းတွင် ၁၉၆၆ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲ အသက် ၅၀အထက် ဆရာ ဆရာမကြီးများအား ကျောင်းသူကျောင်းသားဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် အဆိုပါ ကျောင်းခန်းမဆောင်သစ်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(၁၉၂)

## တရားတော်များဟောကြားမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံအနောက်ရပ်ကွက် သုမင်္ဂလာလမ်း ဓာလီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသာသန(ဓမ္မာစရိယ)၏ အန္တိမအဂ္ဂိဈာပနပွဲတွင် ဇန်နဝါရီ ၂၂ရက်၌ သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ဆရာတော် ဘဒ္ဒန္တအဂ်ီသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဇန်နဝါရီ၂၃ရက်တွင် တိပိဋကတစ်ပုံခွဲဆောင် ရွှေပြည်ဟိန်း သီတဂူကြာတစ်ပွင့် ဗဟုဇနဟိတရေ ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဟု သိရသည်။ **(က-ပ)**

## ဆရာစံရပ်ကွက်လုံးဆိုင်ရာ သုံးထပ်ဓမ္မာရုံသစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူသုံးထပ်ဓမ္မာရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၀ ရက် နံနက် ၈နာရီခွဲက အဆိုပါ ဓမ္မာရုံသစ်ကြီးရှေ့မျက်နှာစာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မော်လတ်က အဖွင့်အမှာစကားပြောကြားပြီး ဓမ္မာရုံဥက္ကဋ္ဌ ဆင်မင်းဦးတင်ရွှေ (သီဟသုဓမ္မ မဏိဇောတဓရ)က ကျေးဇူးတင်စကားပြောကြားကာ ဓမ္မာရုံသစ်ကြီးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မော်လတ်၊ ဓမ္မာရုံနာယက ဦးညွန့်ရင် (ဒုတိယဗိုလ်မှူးကြီး၊ငြိမ်း)၊ ဓမ္မာရုံဥက္ကဋ္ဌ ဆင်မင်းဦးတင်ရွှေ (သီဟသုဓမ္မ မဏိဇောတဓရ) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဓမ္မာရုံအပေါ်ထပ်တွင် ကျင်းပရာ မတည်အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးကိုကိုအေး–ဒေါ်သီသီနိုင်၊ သား ကျော်ကိုကိုချစ်၊ ကျော်ကိုကိုဟိန်းမိသားစုက လှူဒါန်းငွေကျပ်သိန်း၃၅၀နှင့် အလှူရှင်များ၏ လှူဒါန်းငွေများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မော်လတ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဆရာတော်များထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားအား ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး ရုပ်သိမ်းကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မဟာဗောဓိ ဆုတောင်းပြည့်စေတီတော် အထက်ဌာပနာတော်ပိတ်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် တရုတ်မော်ရွာဦးရှိ ဝိဇာတကုန်းတော်မြတ်၌ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာကျောင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဗုဒ္ဓဂယာဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒသည် မိမိ၏ဇာတိချက်ကြွေ မွေးရပ်မြေ၌ မိဘနှစ်ပါးတို့၏ အနန္တဂုဏ်ရည်တို့ကို ရည်ရွယ်ပူဇော်ကာ တည်ထားကိုးကွယ်အပ်သော အနန္တဂုဏ်ရည် ရန်ပြေမာန်ပြေ မဟာဗောဓိ ဆုတောင်းပြည့်စေတီတော်မြတ်၏ အထက်ဌာပနာတော်ပိတ်ပွဲကို ဇန်နဝါရီ၂၀ရက်က အဆိုပါစေတီတော်၌ ကျင်းပသည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဆရာတော် သံဃာတော်များ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဇနီး (မဇ္ဈိမဒေသသာသနာပြု) ဒေါ်ခင်မာအေးနှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများဖြစ်ကြသော ဒေါက်တာမောဠီနီ (ဓမ္မမောဠီ သီလရှင်စာသင်တိုက်)၊ ရွှေတောင်မြို့နှင့် ပြည်မြို့ရှိ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ကြပြီး မြို့မရွာ ရွှေမော်ဓောကျောင်းဆရာတော် ဘဒ္ဒန္တသံဝရထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြကာ လှူဖွယ်ပစ္စည်းများနှင့်အတူ ဗုဒ္ဓ၏သရီရဓာတ်တော် မွေတော်များကို ဌာပနာတော်အတွက် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အထက်ဌာပနာတော်ပိတ်ပွဲကို မင်္ဂလာအချိန်တွင် နာယကဆရာတော်များဖြစ်ကြသော ရွှေတောင် တိလောကာရုံကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ အောင်တော်မူဆရာတော် သဒ္ဓမ္မဇောတိက ဒေါက်တာအရှင်သုန္ဒရ၊ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဆီမီးထူး ဆရာတော် ဘဒ္ဒန္တဝိနယ (ဝံသမေဒနီ) တို့ ဦးဆောင်ကာ ဆရာတော် သံဃာတော်များက ဆောင်ရွက်ပေးတော်မူကြသည်။

**ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် တရုတ်မော်ရွာဦးရှိ အနန္တဂုဏ်ရည် ရန်ပြေမာန်ပြေ မဟာဗောဓိဆုတောင်းပြည့်စေတီတော်မြတ်ကို ဖူးတွေ့ရစဉ်။** (သတင်းစဉ်)

### ဗုဒ္ဓါဘိသေက အနေကဇာတင်

ယင်းနောက် အခမ်းအနားကို ဇယမင်္ဂလ ဗောဓိယာမူလေ အစရှိ အောင်ဂါထာတော်များ ရွတ်ဆိုပူဇော်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲမင်္ဂလာကို ဆက်လက်ကျင်းပသည်။

ထို့နောက် ရွှေတောင် တိလောကာရုံကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာတရားတော်များကို ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းကာ ဓမ္မမိတ်ဆွေများက စေတီတော်ပရိဝုဏ်အတွင်း ကုံ့ကော်ပင်၊ ဗောဓိပင်၊ အင်ကြင်းပင်များကို စိုက်ပျိုးလှူဒါန်းကြသည်။

ဗုဒ္ဓဇယန္တီ၊ ဗုဒ္ဓါဘိသေကပွဲ၊ ပဌာန်းပွဲနှင့် အောင်ပွဲတရားပွဲများကို အဆိုပါစေတီတော်မြတ်၌ ၁၃၆၈ခု တပေါင်းလပြည့်ကျော် ၂ရက်မှ ၇ရက်အထိ ဗုဒ္ဓဂယာဆရာတော်က ကြီးမှူးကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကျဉ်းဦးစီးဌာန မိခင် / ကလေးစောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရေးဟူသော ရည်ရွယ်ချက်နှင့်အညီ အင်းစိန်အကျဉ်းဦးစီးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈နာရီက အင်းစိန်အကျဉ်းဦးစီးဌာနဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်မာမာဝေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်တင်တင်နွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒေါက်တာ ဒေါ်ညွှန့်ညွှန့်ဦးက အဖွင့်အမှာစကားပြောကြား၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်မေမာလာက ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းနှင့် အင်းစိန် အကျဉ်းဦးစီးဌာန မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်းက မူလတန်းကြိုကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မူလတန်းကြိုကျောင်းအတွက် ငွေပဒေသာပင် စိုက်ထူနိုင်ရန် အလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာ ဒေါ်ညွှန့်ညွှန့်ဦးတို့က ငွေကျပ် ၁၀၀၀၀၀ နှင့် အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် ပေါင်ချိန်စက်တစ်လုံး၊ ဦးနေဝင်းထွန်းမိသားစု (ကျောက်စိမ်းနဂါးကုမ္ပဏီ)က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးအောင်မြတ် (Mother Trading) က ငွေကျပ် ၁၀၀၀၀၀၀၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ငွေကျပ် ၅၀၀၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း၊ ဇနီး သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်းတို့က ငွေကျပ် ၄၀၀၀၀၀ နှင့် ဗီရိုများ၊ ဦးဝင်းလွင် (ကျော်သာ Co., Ltd.) က ငွေကျပ်၃၀၀၀၀၀၊ ဦးအောင်မော်သိန်း (Gold Roast Co., Ltd.)က ငွေကျပ် ၃၀၀၀၀၀၊ ဦးသိန်းဝင်းဇော် (ငွေဖျိုင်းဖြူကုမ္ပဏီ) က ငွေကျပ် ၃၀၀၀၀၀၊ ဦးအောင်သိန်းထွဋ်က ငွေကျပ်၂၀၀၀၀၀၊ ဦးကျော်အေး (AAA Co., Ltd.)က ငွေကျပ် ၂၀၀၀၀၀၊ ဦးစံငြိမ်း(ကမ္ဘာကျော်ကုမ္ပဏီ)က ငွေကျပ် ၂၀၀၀၀၀၊ ဦးညွန့်ဝေ (ပြုံးပန်းတစ်ရာ)က ငွေကျပ် ၁၀၀၀၀၀၊ ဒါရိုက်တာ မောင်မောင်ဦး (စနိုးဝှိုက်) က ငွေကျပ် ၁၀၀၀၀၀၊ ဦးထွန်းဝင်း (1 Step Co., Ltd.)က ငွေကျပ် ၁၀၀၀၀၀ နှင့် ကက်ဆက်တစ်လုံး၊ ဒေါက်တာမောင်မောင်အေး (မိုးဟိန်းကုမ္ပဏီ)က ငွေကျပ် ၁၀၀၀၀၀၊ ဦးသန်းစိုးက ငွေကျပ် ၁၀၀၀၀၀၊ ဦးသက်ဦးက ငွေကျပ် ၁၀၀၀၀၀၊ ဦးစိုးလင်းက ငွေကျပ် ၁၀၀၀၀၀၊ ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းက ငွေကျပ် ၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၂သိန်း ၅သောင်းနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ မူလတန်းကြိုကျောင်းတွင် ဝန်ထမ်းများ၏ ကလေးငယ်များသာမက အင်းစိန် အကျဉ်းထောင်ရှိ အကျဉ်းသူများ၏ကလေးငယ်များပါ တက်ရောက်သင်ကြားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးတို့၏ လှူဒါန်းငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ကုန်ပစ္စည်းမိတ်ဆက်ပွဲနှင့် ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

Online Brand Fashion ကုန်ပစ္စည်း မိတ်ဆက်ပွဲနှင့် ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမကြီး အမှတ် ၄၆၆၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ Online Brand ပိုင်ရှင် ဒေါ်ယဉ်ယဉ်မိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် Online Brand ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ နံ့ယူစေး ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ မစ္စတာကိုးရှန်းစန်းနှင့် Online Brand ပိုင်ရှင် ဒေါ်ယဉ်ယဉ်မိုး တို့က Online Brand ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ဖတ်ကြားတင်ပြ

ယင်းနောက် အခမ်းအနားမှူး ရုပ်ရှင်သရုပ်ဆောင် ငှက်ပျောကြော်က Online Brand မှ ထုတ်လုပ်သည့် ကုန်ပစ္စည်း အမျိုးအမည်များနှင့် အရည်အသွေးများ အကြောင်း၊ Online Brand မှ ကုန်ပစ္စည်းရရှိနိုင်မည့် ဆိုင်အမည်နှင့် လိပ်စာများကို ဖတ်ကြားတင်ပြသည်။

ယခုဖွင့်လှစ်သည့် Online Brand ဆိုင်သစ်သည် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ဆိုင်များအနက် ၄၅ ဆိုင်မြောက် ဆိုင်သစ်ဖြစ်ပြီး ဝယ်ယူလိုပါက ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်(၃) ဗန်းမော်အတွင်းဝန်လမ်း အမှတ် ၁၀၅၊ ဖုန်း–၆၈၅၃၉၂၊ ၀၉–၅၀–၀၃၇၁၄၊ ၀၉–၅၁–၂၉၀၉၅၊ www. onlinewear. biz, E-mail: limelight@myanmar.com.mm သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

### ဖြန့်ဖြူးရောင်းချ

အဆိုပါ Online Brand မှ ယောကျ်ားဝတ်၊ မိန်းမဝတ်နှင့် ကလေးဝတ်မျိုးစုံ ဆိုက်စုံ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ **(သတင်းစဉ်)**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ နံ့ယူစေး ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ မစ္စတာကိုးရှန်းစန်းနှင့် Online Brand ပိုင်ရှင် ဒေါ်ယဉ်ယဉ်မိုးတို့ Online Brand ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

❒ *ကျောဖုံးမှ*

(K.N.P.D.P)သည် ၂၃-၇-၁၉၉၉ ရက်နေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့သောအဖွဲ့အစည်း ဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာတည်ငြိမ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အလွှာစုံမှ ကိုယ်စားလှယ်တော်ကြီးများသည် အမျိုးသားညီလာခံတွင် နိုင်ငံတော်၏ အရေးကိစ္စရပ်များကို အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင် ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။

၃။ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ပူးတွဲခေါင်းဆောင်ကာ မြန်မာနိုင်ငံအရေးကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းရန် ကြိုးပမ်းခဲ့ပါသည်။ ထိုသို့ကြိုးပမ်းချက်သည် ကျွန်ုပ်တို့ တိုင်းရင်းသားညီအစ်ကိုများ၏ ကြိုးပမ်းအားထုတ်မှုကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်လိုက်ခြင်းပင် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါမူကြမ်းတင်သွင်းရန် ကြိုးပမ်းချက်အား ကျွန်ုပ်တို့ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (K.N.P.D.P)မှ လုံးဝလက်မခံဘဲ ရှုတ်ချကန့်ကွက်ကြောင်း သဘောထားကြေညာချက် အတိအလင်းထုတ်ပြန်လိုက်ပါသည်။

**အောင်အောင်**
**အတွင်းရေးမှူး**
**ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ**
**ကယားပြည်နယ်**

● *ကျောဖုံးမှ*

အဆိုပြုမူကြမ်းကို ၁၂-၁-၂၀၀၇ ရက်နေ့က လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်၍ ပယ်ချလိုက်သည်ကို ကြားသိရပါသည်။

မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် ထောက်ခံမဲပေးခဲ့ကြသည့် နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချခဲ့ကြကြောင်း၊ တောင်အာဖရိကနိုင်ငံကလည်း ကန့်ကွက်မဲပေးခဲ့ကြကြောင်း၊ အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြသည်ဟု ကြားသိရပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအား ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် အမေရိကန်နှင့် ဗြိတိန်တို့ ကမကထပြု ပူးတွဲတင်သွင်းခဲ့သော ဆုံးဖြတ်ချက် အဆိုမူကြမ်းတွင်ပါရှိသည့် အကြောင်းပြချက်များသည် မြန်မာနိုင်ငံ၏ လက်ရှိအမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေမှန်များကို ထင်ဟပ်မှုမရှိဘဲ အင်အားကြီးနိုင်ငံများ၏ အရှိန်အဝါကိုသုံး၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လွဲမှားစွာအသုံးချရန် ပြုလုပ်အားထုတ်မှုမျှသာဖြစ်နေသဖြင့် ယခုကဲ့သို့ ရှုံးနိမ့်သွားခဲ့ရခြင်း ဖြစ်သည်။

အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံ၏ တည်ဆဲတပ်မတော်အစိုးရကို ဆန့်ကျင်နေသည့် အင်အားစုများအား အစဉ်တစိုက် အားပေးထောက်ခံခဲ့ပြီး မြန်မာဒီမိုကရေစီအရေးကို ထောက်ခံကြောင်း ပြသခဲ့ကြကြောင်း၊ ယခုလုပ်ရပ်သည်လည်း တပ်မတော်အစိုးရ ဆန့်ကျင်ရေးအင်အားစုများကို သိက္ခာတင် အဖတ်ဆယ်ပေးသည့် မအောင်မြင်သည့်လုပ်ရပ် အမှားတစ်ခုဖြစ်သည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အခွင့်အာဏာမရှိသလို မည်သည့်အင်အားကြီးနိုင်ငံမဆို ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသုံးချ၍ ဝင်ရောက်စွက်ဖက်ခွင့်မရှိပါ။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာတည်ရှိမှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် အမျိုးသားလုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိပါးရာရောက်နေသည့် အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်အားလည်းကောင်း၊ အဆိုပါ မှားယွင်းသည့်လုပ်ရပ်ကို ထောက်ခံမဲ ပေးခဲ့ကြသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအားလည်းကောင်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်သည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ဘက်မှ ထောက်ခံရပ်တည်မှုမပြုဘဲ ဗီတိုအာဏာသုံး၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ကန့်ကွက်မဲပေးခဲ့သည့် တောင်အာဖရိကနိုင်ငံအား လည်းကောင်း၊ ကြားနေခဲ့သည့် ကွန်ဂို၊ အင်ဒိုနီးရှားနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှလည်းကောင်း၊ အင်အားကြီး ပြည်ပနိုင်ငံများမှလည်းကောင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စကို ဝင်ရောက်စွက်ဖက်လာစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ် တောင်းဆိုနေခဲ့ကြသည့် ပြည်တွင်း ပြည်ပရှိ ဒီမိုကရေစီလှုပ်ရှားသူများအမည်ခံ အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်များကို မိမိတို့က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်သည်။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအခြေခံဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးထက် မိမိကိုယ်ကျိုးစီးပွား၊ မိမိဂိုဏ်းဂဏ အကျိုးစီးပွားတို့ကို ရှေ့တန်းတင်ပြီး ဆောင်ရွက်ချက်များအားလုံးကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များက အပြင်းအထန် ရှုတ်ချကန့်ကွက်ပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**ဦးဌေးမြင့်**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

## အခြေခံစည်းရုံးရေးသင်တန်း မင်္ဂလာတောင်ညွန့်၌ ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၈) ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁၂နာရီခွဲက ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ တိုင်း အလုပ်အမှုဆောင် ဦးတင်အောင်နှင့် ခရိုင်နှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ မင်္ဂလာတောင်ညွန့်မြို့နယ် စီးပွားရေးနှင့် စက်မှုအထောက်အကူပြု စက်မှုကုန်သည်များအဖွဲ့ ဥက္ကဋ္ဌ ဦးစောလှထွန်းက ငွေကျပ်တစ်သိန်း၊ ကူးတို့ဆိပ်ရပ်ကွက်မှ ဦးတင်အောင်၊ ဒေါ်ဇင်မာအေးတို့က ငွေကျပ် ငါးသောင်း၊ ဦးမြင့်လွင်က ငွေကျပ်နှစ်သောင်း၊ ဦးထွန်းမိုးက ငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## ချစ်နိုင်(စိတ်ပညာ)၏ ဘဝတစ်ခုစီမံမှု စာအုပ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ချစ်နိုင်(စိတ်ပညာ) ဘာသာပြန်ဆိုသော စင်ကာပူနိုင်ငံလုံးဆိုင်ရာ လူငယ်စွမ်းဆောင်ရည်ဆုအတွက် လမ်းညွှန်ပြဋ္ဌာန်းရန် ရွေးချယ်ခံရပြီး ပါဝင်လှုပ်ရှားသူများနှင့် အခြားလူငယ်လူရွယ်များကို လူ့အဖွဲ့အစည်းအား ထိထိရောက်ရောက် အကျိုးပြုမည့် အောင်မြင်ပျော်ရွှင်သည့်သူများ ဖြစ်လာစေရန် ရည်ရွယ်ရေးသားထားသည့် စင်ကာပူနိုင်ငံထုတ် Managing Oneself-Footprints to Success ကို **ဘဝတစ်ခုစီမံမှု** စာအုပ်အဖြစ် အားမာန်သစ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။ စာအုပ်တွင် ဘာသာပြန်သူ၏ အမှာ၊ မိတ်ဆက်နှင့် အခန်း(၁၃)ခန်း ပါဝင်သည်။ တစ်အုပ် ကျပ် ၁၈၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အာဆင်နယ်တို့ အီးမရိတ်စ်၌ အောင်ပွဲခံ မန်ယူ ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်ဆဲ

**သတင်းမြင်ကွင်း – မြင့်ခိုး**

**လန်ဒန် ဇန်နဝါရီ ၂၁**

ပရီမီယာလိဂ်ပွဲစဉ်(၂၄) ဘောလုံးပြိုင်ပွဲအဖြစ် အမှတ်ပေးဇယား ထိပ်သီးအသင်းများဖြစ်ကြသည့် အာဆင်နယ်အသင်းနှင့် မန်ယူတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ပွဲပြီးသွားခဲ့သည်။

အာဆင်နယ်အိမ်ကွင်းသို့ သွားရောက်ကစားရသော မန်ယူတိုက်စစ်တွင် လာဆင်နှင့် ရွန်နေတို့အတွဲကို တွဲဖက်ပေးပြီး ပွဲထွက်လာသည်။ အလယ်တန်းတွင် စီရိုနယ်ဒို၊ ပေါလ်စခိုးလ်၊ ကာရစ်နှင့် ရိုင်ယန်ဂစ်တို့ ဦးဆောင်ပြီး နောက်တန်းတွင် ဂယ်ရီနဗီးလ်နှင့် ဖာဒီနန်တို့က တာဝန်ယူကစားခဲ့သည်။

### ဦးဆောင်

အာဆင်နယ်ရှေ့တန်းတွင် အွန်နရီနှင့် အဒီဘာယောတို့ အတွဲကို ပွဲထုတ်ထားပြီး အလယ်တန်းတွင် လက်ဘ်၊ ရိုဆစ္စကီး၊ ဖာဘရီဂတ်စ်နှင့် ဖလာမိနီတို့ ဦးဆောင်ခဲ့သည်။

**အာဆင်နယ်တိုက်စစ်မှူး အွန်နရီ၏ မန်ယူဘက်သို့ ထိုးဖောက်ကစားမှု။** (ဓာတ်ပုံ–အင်တာနက်)

အာဆင်နယ်နောက်တန်းတွင် လူငယ်ခံစစ်မှူးများဖြစ်သည့် ကလစ်ချီ၊ အီဘိုး၊ ဆန်ဒရို့စ်နှင့် တိုရေးတို့ ပါဝင်ကစားခဲ့သည်။

### အပြန်အလှန်ထိုးဖောက်

ပွဲအစတွင် တစ်ဖက်နှင့်တစ်ဖက် ခြေရည်သွေး အပေးအယူများဖြင့် သွေးပူလေ့ကျင့်ခန်း ကစားခဲ့ကြသည်။ မိနစ်အတန်ကြာတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်မှု လျင်မြန်သွက်လက်လာသည်။

ရံဖန်ရံခါ ဂိုးသွင်းယူကန်ချက်များကလည်း ဘောလုံးဝါသနာရှင်များဆီသို့ ပွဲတင်သံများ ရိုက်ခတ်သွားစေသည်။ ပွဲချိန် ၃၃ မိနစ်တွင် အဒီဘာယော ညာတောင်ပံမှ အနေတော်ခုတ်တင်ပေးလိုက်ရာ တိုက်စစ်မှူး အွန်နရီ ခေါင်းပြေးဝင်တိုက်ခဲ့သော်လည်း မန်ယူဂိုးသမား ဗန်ဒါဆာ ကာကွယ်ပေးနိုင်ခဲ့သည်။ ယင်းနောက် မိနစ်အတန်ကြာတွင် အာဆင်နယ်တို့ မန်ယူဂိုးရှေ့တွင် ရရှိသော အလွတ်တည်ကန်ဘောကို အွန်နရီ ကန်သွင်းရာ ဗန်ဒါဆာ ကာကွယ်ပေးလိုက်ပြန်သည်။

ပထမပိုင်းပြီးခါနီးတွင် မန်ယူတို့ တရစပ်ထိုးဖောက်လာရာ ရွန်နေ ညာတောင်ပံမှ အဝေးဘောကန်သွင်းစဉ် အာဆင်နယ်ဂိုးသမား လက်ဖြင့်ပုတ်လိုက်သဖြင့် အာဆင်နယ်တို့ သက်သာရာရသွားသည်။ ထောင့်ကန်ဘောကို ရိုင်ယန်ဂစ် ကန်တင်ရာ လာဆင် ခေါင်းတိုက်သွင်းယူသော်လည်း အာဆင်နယ်ဂိုးသမား ကာကွယ်နိုင်ခဲ့ပြန်သည်။

### ဒုတိယပိုင်း

ဒုတိယပိုင်းပြန်စချိန်တွင် တစ်ဖက်နှင့်တစ်ဖက် ဖွင့်ဆော်ဦးဂိုး သွင်းယူနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၅၃ မိနစ်တွင် အီဗရာ ဝဲတောင်ပံမှ အာဆင်နယ်ဂိုးရှေ့သို့ ဖြတ်တင်လိုက်စဉ် တိုက်စစ်မှူး ရွန်နေ ဒိုင်ဗင်ထိုး ခေါင်းတိုက်သွင်းယူလိုက်၍ မန်ယူတို့ ဖွင့်ဆော်ဦးဂိုးရရှိသွားခဲ့သည်။

မန်ယူတို့ တစ်ဂိုးအသာရနေချိန် အာဆင်နယ်က ချေပဂိုးသွင်းယူရန် အကွက်ကျကျ တိုက်စစ်အတွဲများဖြင့် ထိုးဖောက်ခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲရှိသည်။

### ချေပဂိုး

ပွဲချိန် မိနစ် ၇၀ ကျော်ချိန်တွင် အာဆင်နယ်မှ လက်ဘ်အစား ဗန်ပါစီကို လူလဲကစားခဲ့သည်။ အလားတူ မန်ယူမှ လာဆင်အစား ဆာဟာကို အစားထိုးခဲ့သည်။ ပွဲချိန် ၈၃ မိနစ်တွင် အာဆင်နယ်ညာတောင်ပံမှ ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ဗန်ပါစီ ဘယ်ခြေဖြင့် ပြေးဝင်ပိတ်နိုင်ခဲ့၍ အာဆင်နယ်တို့ ချေပဂိုးစတင်ရရှိခဲ့သည်။

ပွဲပြီးရန် မိနစ်အနည်းငယ်အလိုတွင် ညာတောင်ပံမှ ခုတ်တင်ပေးလိုက်သော ဘောလုံးကို တိုက်စစ်မှူး အွန်နရီ ခေါင်းတိုက်သွင်းယူလိုက်၍ အာဆင်နယ်တို့ မန်ယူကို အီးမရိတ်စ်ကွင်းကြီး၌ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်အပြီး မန်ယူတို့ ၅၇ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်လျက်ရှိပြီး စတုတ္ထနေရာမှ အာဆင်နယ်တို့ ရမှတ် ၄၅ မှတ်အထိ ရောက်ရှိလာသည်။ **(အင်တာနက်)**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ဇန်နဝါရီ ၁၉ ရက်က အမက (၂) စမ်းချောင်း၌ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးစိန်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

# သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့ သဘောထားကြေညာချက်

## မြန်မာ့အရေးသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာဖြေရှင်းသင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင် အမျိုးသားညီလာခံ၌ ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် သံတောင်မြို့နယ် အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော သံတောင်မြို့နယ် အထူးဒေသငြိမ်းချမ်းရေးအဖွဲ့၏ ကြေညာချက်**

**ရက်စွဲ။ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်**

၁။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံရေးဆိုင်ရာအစီအစဉ်တင်သွင်းမှုအား ကန့်ကွက်ခဲ့ပါသည်။ မိမိတို့ အဖွဲ့အစည်းမှ ကန့်ကွက်ခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က လည်း ကန့်ကွက်ခဲ့သည့်အပြင် ပြည်သူတစ်ရပ်လုံးကလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။

၂။ လုံခြုံရေးကောင်စီတွင် အစီအစဉ်တင်သွင်းမှုအား မြန်မာနိုင်ငံအရေးအခြေအနေကို နားလည်ပေးပြီး ထောက်ခံ အားပေးမှုပြုလုပ်ပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား လည်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံသူ/နိုင်ငံသားများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါသည်။

၃။ ထိုကဲ့သို့ဆန့်ကျင်ကန့်ကွက်ခဲ့သည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံပြည်တွင်း ရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားရှိမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက် ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု စသည့် မမှန်ကန်သောအကြောင်းပြချက်များနှင့် ဆုံးဖြတ်ချက် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

၄။ ထိုကဲ့သို့လုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်ဆိုခြင်းမှာ မမှန်မကန်စွပ်စွဲမှုသာဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့ကကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံမှ ကြားနေခဲ့ခြင်း ဖြစ်သည်။ ၁၉၇၂ ခုနှစ်မှ ယနေ့အထိ မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံ၏အရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်သဖြင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာ ယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးစောဂွယ်မှူး** | **ဦးစောသန်းမြင့်** |
| **ဥက္ကဋ္ဌ** | **ဒု–ဥက္ကဋ္ဌ** |
| **သံတောင်မြို့နယ်အထူးဒေသငြိမ်းချမ်းရေးအဖွဲ့** | **သံတောင်မြို့နယ်အထူးဒေသငြိမ်းချမ်းရေးအဖွဲ့** |

# မန္တလေးစက်မှုဇုန် စက်မှုလုပ်ငန်းရှင်များ သဘောထားကြေညာချက်

## လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်အရေးယူရန် စာနာထောက်ထားခြင်းကင်းမဲ့စွာ အဆိုပြုချက်တင်သွင်းခဲ့သည့် အမေရိကန်၊ ဗြိတိန်တို့ ဦးဆောင်သော နိုင်ငံများအား ရှုတ်ချ

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မန္တလေး စက်မှုဇုန် စက်မှုလုပ်ငန်းရှင်များက ဇန်နဝါရီ ၁၄ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မန္တလေးစက်မှုဇုန် စက်မှုလုပ်ငန်းရှင်များ၏ကြေညာချက်**

**ရက်စွဲ။ ၁၄–၁–၂၀၀၇**

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့် မြန်မာနိုင်ငံအပေါ် အရေးယူရန် အဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင် အာဖရိကသမ္မတနိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြပြီး အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲ ပေးခဲ့ကြသည်။ ထိုကဲ့သို့ ကန့်ကွက်မဲပေးခဲ့ခြင်းသည် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအရေး ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ ကြိုးပမ်းမှုကို အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံတွင် ပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ (Double Veto) သုံးပြီး ပယ်ချခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် မြန်မာ့သမိုင်းစဉ်၌ မပေါ်ပေါက်ဖူးခဲ့သော စက်မှုဇုန်များ၊ စက်ရုံကြီးများ ပေါ်ပေါက်လာခဲ့ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့်အတူ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်မှာ ငြင်းကွယ်၍ မရစကောင်းသောအချက်ဖြစ်ပါသည်။ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်ခြင်းများနှင့်အတူ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး ကွန်ရက်သဖွယ် ဖောက်ထားသောလမ်းများကိုအသုံးပြုလျက် မိမိတို့ ယုံကြည်ရာ ကျောင်းကန် ဘုရားများကို သွားရောက်လျက် အေးချမ်းတည်ငြိမ်မှု၏အရသာကို ခံစားနေကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘာသာတရား အဆုံးအမ၏အောက်တွင် မည်သည့်နိုင်ငံ၏ တည်ငြိမ် အေးချမ်းမှုကိုမျှ ဖျက်ဆီးလိုသော ဆန္ဒမရှိပါ။ စိတ်ကောင်းစေတနာကောင်းဖြင့် အခြားနိုင်ငံများ ဖွံ့ဖြိုး တိုးတက်သည်ကို ရှုမြင်လိုသော ဆန္ဒသာရှိပါသည်။ နိုင်ငံအချင်းချင်းဆက်ဆံရာတွင် "ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ"ဟူသောတရားကို လက်ကိုင်ထားလျက် မေတ္တာထားမှု၊ သည်းခံမှု၊ စိတ်ရှည် စာနာ ထောက်ထားမှုစသည့် မြင့်မြတ်သော သဘောထားများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံအပေါ် အရေးယူရန်၊ တစ်ဖက်သတ် အရေးယူရန် စာနာထောက်ထားခြင်းကင်းမဲ့စွာ အဆိုပြုချက်တင်သွင်းခဲ့သည့် အမေရိကန်၊ ဗြိတိန်တို့ ဦးဆောင်သော အပေါင်းပါနိုင်ငံတို့အား ကျွန်ုပ်တို့စက်မှုလုပ်ငန်းရှင်များက ပြင်းထန်စွာရှုတ်ချအပ်ပါသည်။ ယင်းနိုင်ငံကြီးများနှင့် အချိန်ကိုက်ပါဝင်လှုပ်ရှားခဲ့သော နိုင်ငံနှင့် လူမျိုး၏ကျေးဇူးသစ္စာကို မထောက် ထားသည့် အမျိုးသားရေးသစ္စာဖောက်များ၊ ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများ၊ ပြည်ပြေး သောင်းကျန်းသူ များကိုလည်း ကျွန်ုပ်တို့က ဥဒါန်းမကျေ ရွံ့ရှာမုန်းတီးလျက် ပြင်းထန်စွာ ရှုတ်ချအပ်ပါသည်။

မဲခွဲဆုံးဖြတ်ရာတွင် ဗီတိုအာဏာအသုံးပြု ပယ်ချခဲ့သော အမှန်တရားဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ကန့်ကွက်မဲပေးခဲ့ သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း၊ ကြားနေမဲပေးခဲ့ကြသော အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း ကျွန်ုပ်တို့ မန္တလေးစက်မှုဇုန် စက်မှုလုပ်ငန်းရှင်များက သမိုင်းတင်လောက် အောင် ကျေးဇူးအထူးတင်ရှိပါကြောင်း ကြေညာအပ်ပါသည်။

# MTA တပ်ဖွဲ့ဝင်ဟောင်း မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ကြေညာချက်

## မြန်မာနိုင်ငံအရေးကိစ္စ တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို လက်မခံနိုင်

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် MTA တပ်ဖွဲ့ဝင်ဟောင်းမိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက် တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် MTA တပ်ဖွဲ့ဝင်ဟောင်းမိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်**

၁။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် ယာယီသံအမတ်ကြီးက အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြုစုသည့် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူ ဆောင်ရွက်ရေး ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံးကာ ပူးပေါင်းကန့်ကွက်ပယ်ချ (Double Veto) ခဲ့ကြသည်ဟု ကြားသိရသဖြင့် ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အထူးဝမ်းမြောက်အားတက်ဖြစ်မိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား ကျေးဇူးဥပကာရတင်ရှိပါသည်။

စာမျက်နှာ ၉ ကော်လံ ၁

# သံတောင်မြောက်ပိုင်း အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့ ကြေညာချက်

## မြန်မာနိုင်ငံအရေးကိစ္စ ပြည်ပမှ ဝင်ရောက်ဖြေရှင်းမှု လက်မခံနိုင် အမျိုးသားညီလာခံတွင် တိုင်းရင်းသားအချင်းချင်း ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း ယုံကြည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် သံတောင် မြောက်ပိုင်း အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ဥပဒေဘောင် အတွင်းဝင်ရောက်လာသော သံတောင်မြောက်ပိုင်းအထူးဒေသငြိမ်းချမ်းရေးအဖွဲ့၏ကြေညာချက်**

၁။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံရေးဆိုင်ရာအစီအစဉ်တင်သွင်းမှုအား ကန့်ကွက်ခဲ့ ပါသည်။ မိမိတို့ အဖွဲ့အစည်းမှကန့်ကွက်ခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့ကလည်း ကန့်ကွက်ခဲ့သည့် အပြင် ပြည်သူတစ်ရပ်လုံးကလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။

စာမျက်နှာ ၉ ကော်လံ ၁

### ❍ ကျောဖုံးမှ

ဝင်ရောက်လာပြီးနောက် ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ပန်ဒေသနှင့်နားပွဲဒေသတို့တွင် ဒေသအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် လက်တွဲ၍ ဆောင်ရွက်လျက်ရှိပြီး ကျွန်ုပ်တို့အပါအဝင် ဒေသခံပြည်သူလူထုများအနေဖြင့် နယ်မြေဒေသ ဖွံ့ဖြိုးရေးနှင့် အေးချမ်းသာယာရေးကို ခံစားနေရပြီဖြစ်ပါသည်။

၂။ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် မြန်မာနိုင်ငံသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လျက်ရှိခြင်း မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် တိုင်းရင်းသားလူနည်းစုများကို ဖိနှိပ်တိုက်ခိုက်ခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းမှုမရှိခြင်း၊ HIV၊ တီဘီ၊ ငှက်ဖျားရောဂါပြန့်ပွားမှုကို မထိန်းချုပ်နိုင်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားခြင်းစသည့် မမှန်ကန်သော အကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် မှားယွင်းသောဆုံးဖြတ်ချက်အဆိုပြုမူကြမ်းကို တင်သွင်းခဲ့ရာ ၁၂–၁–၂၀၀၇ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်၍ ပယ်ချလိုက်ကြောင်း သိရှိရပါသည်။

၃။ မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် ထောက်ခံမဲပေးခဲ့ကြသည့် နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချခဲ့ကြောင်းနှင့် တောင်အာဖရိကနိုင်ငံက ကန့်ကွက်ခဲ့ကာ အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြောင်း သိရှိရပါသည်။

၄။ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြု၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေး အချုပ်အခြာအာဏာတည်ရှိမှု၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိပါးရာရောက်နေသည့် အမေရိကန်နှင့်ဗြိတိန်တို့၏ လုပ်ရပ်အားလည်းကောင်း၊ အဆိုပါမှားယွင်းသည့်ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းကို ထောက်ခံမဲပေးခဲ့ကြသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအားလည်းကောင်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်ကြောင်းနှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ဘက်မှ ထောက်ခံရပ်တည်မှုမပြုဘဲ ဗီတိုအာဏာသုံး၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သည့် တောင်အာဖရိကနိုင်ငံအားလည်းကောင်း၊ ကြားနေခဲ့သည့် ကွန်ဂို၊ အင်ဒိုနီးရှားနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမိန်းစင်**
**တပ်မဟာ(၇၅၈)**
**ဝမ်ပန်ဌာနချုပ်**

### စာမျက်နှာ ၈ မှ

၂။ အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်သွင်းသော အဆိုပြုချက်မူကြမ်းပါအကြောင်းပြ စွပ်စွဲချက်များသည် မိမိတို့ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသက်သက်ကို ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လေဟန် မမှန်မကန် လုပ်ကြံစွပ်စွဲမှုသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း လုံခြုံရေးကောင်စီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က လက်မခံနိုင်ဘဲ ကန့်ကွက်ပယ်ချခဲ့ရခြင်းသာဖြစ်သည်ကို ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် ယုံကြည်သည်။

၃။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော ကိစ္စဟု ယုံကြည်၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်အကန်ဖြစ်သည်ဟု ကျွန်ုပ်တို့ အဖွဲ့အစည်းက အခိုင်အမာယုံကြည်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဦးစိုင်းခွန်မိန်း**
**ဥက္ကဋ္ဌ**
**MTA တပ်ဖွဲ့ဝင်ဟောင်း မိသားစုများ**
**ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့**

### စာမျက်နှာ ၈ မှ

၂။ ထိုကဲ့သို့ ဆန့်ကျင်ကန့်ကွက်ခဲ့သည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် HIV၊ တီဘီနှင့် ငှက်ဖျားရောဂါ ပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက် ဖမ်းဆီးထားရှိမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှုစသည့် မမှန်ကန်သောအကြောင်းပြချက်များနှင့် ဆုံးဖြတ်ချက်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၃။ ထိုကဲ့သို့ လုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်ဆိုခြင်းမှာ မမှန်မကန် စွပ်စွဲမှုသာဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံမှ ကြားနေခဲ့ခြင်းဖြစ်ပြီး ၁၉၇၂ ခုနှစ်မှ ယနေ့အထိ မကြုံခဲ့ဖူးသော Double Vetoသုံးခဲ့ခြင်းဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံ၏အရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော ကိစ္စသာဖြစ်ကြောင်း ယုံကြည်သဖြင့် ပြည်ပနိုင်ငံများမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးကိုကြီး** | **ဦးလားဘွယ်** |
| **ဥက္ကဋ္ဌ** | **ဒု–ဥက္ကဋ္ဌ** |
| **သံတောင်မြောက်ပိုင်းအထူးဒေသငြိမ်းချမ်းရေးအဖွဲ့** | **သံတောင်မြောက်ပိုင်းအထူးဒေသငြိမ်းချမ်းရေးအဖွဲ့** |

### ■ ကျောဖုံးမှ

မူကြမ်းတင်သွင်းခြင်းကို ၁၂–၁–၂၀၀၇ရက်နေ့က လုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ်ချက်အရ ပယ်ချခြင်းကို ကြားသိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြသလိုက်သော စစ်မှန်သည့်မိတ်ဆွေနိုင်ငံများ၏ သဘောထားကို မျက်ဝါးထင်ထင် တွေ့မြင်ရရုံမက အင်အားကြီးနိုင်ငံများ၏ အရှိန်အဝါကိုသုံးပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လွဲမှားစွာအသုံးချရန်ပြုလုပ်အားထုတ်မှုများမှာ မြန်မာနိုင်ငံအတွက်သာမက အခြားနိုင်ငံများအတွက်ပါ အလွန်အန္တရာယ် ကြီးမားလာသည်ကို တွေ့ရှိရပါသည်။

သို့ပါ၍ မိမိတို့ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူနိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိနေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိတို့အဖွဲ့ဝင်နိုင်ငံငယ်များအပေါ် ဤသို့ပြုမူဆက်ဆံသော ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်နှင့်ဗြိတိန်တို့၏ လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာလုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ခြိမ်းခြောက်နေသည်ဆိုသော စွပ်စွဲချက်ဖြင့် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှတစ်ဆင့် လူ့အခွင့်အရေးအကြောင်းပြပြီး ဝင်ရောက်စွက်ဖက်ရန်ဆောင်ရွက်ကြသည့် မည်သည့်လုပ်ရပ်ကိုမဆို ပြင်းထန်စွာရှုတ်ချသည်။

အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် မိမိ၏ပြည်တွင်းရေးတွင် မည်သည့် ပြည်ပနိုင်ငံများ၏ သြဇာလွှမ်းမိုးမှုကိုမျှ ခံယူမည်မဟုတ်ကြောင်း၊ ပြည်တွင်းပြည်ပ ဒီမိုကရေစီအမည်ခံပြီး မြန်မာနိုင်ငံအရေးကို ဝင်ရောက်စွက်ဖက်သည့်၊ ပြည်ပအားကိုးနေကြသည့် မည်သည့်အဖွဲ့အစည်းများကိုမဆို ပြင်းထန်စွာရှုတ်ချသည်။

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်ကို ဗီတိုအာဏာသုံး၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအားလည်းကောင်း၊ ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံအားလည်းကောင်း၊ ကြားနေမဲပေးခဲ့သည့် အင်ဒိုနီးရှား၊ ကာတာနှင့်ကွန်ဂိုနိုင်ငံတို့အားလည်းကောင်း မြန်မာပြည်သူများကိုယ်စား မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးက ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး**

### ✡ ကျောဖုံးမှ

နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်နိုင်သဖြင့် ထည့်သွင်းဆွေးနွေးရန် တောင်းဆိုကြိုးပမ်းခဲ့ပါသည်။ အမေရိကန်နှင့်ဗြိတိန်အစိုးရတို့က လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရေး တင်သွင်းသည့်မူကြမ်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က Double Veto သုံး၍ ကန့်ကွက်ပယ်ချခြင်းအား အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့်အတူ မြန်မာပြည်သူတို့၏ အောင်ပွဲအဖြစ် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းက ထောက်ခံကြိုဆိုပါသည်။

အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကုလသမဂ္ဂကို ခုတုံးလုပ်အသုံးချနေချိန်တွင် ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များ၊ ပြည်တွင်းပြည်ပ အဖျက်သမားများကလည်း နိုင်ငံတော်ပျက်စီးရေး၊ ဖြတ်လမ်းမှအာဏာရရှိရေးတို့အတွက် ဝမ်းသာအားရစွာ ထောက်ခံနေကြခြင်းအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချပြီး နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်နှင့် ပြည်သူများ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးလုပ်ဆောင်နေခြင်းများကို အင်တိုက်အားတိုက် ထောက်ခံပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏အခြေအနေမှန်ကို သိရှိနားလည်စာနာပြီး Double Veto အာဏာဖြင့် ပယ်ချပေးခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံတို့အားလည်းကောင်း မြန်မာပြည်သူများနည်းတူ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒေါက်တာခင်ရွှေ**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

### ✻ ကျောဖုံးမှ

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းပေါင်းစုံမှ ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့်လည်း အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအရေးကိစ္စအပေါ် ဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုအား လုံးဝကန့်ကွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုကဲ့သို့ ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် ကိုလိုနီပုံစံသစ်ဖြင့် ကမ္ဘာတစ်ဝန်းလုံး ဗိုလ်ကျစိုးမိုးခြယ်လှယ်နိုင်ရေးအတွက် အတိုင်အဖောက်ညီညီ ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများနှင့်ပူးပေါင်း၍ မမှန်မကန် လုပ်ကြံစွပ်စွဲချက်များဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားရှိမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်နေမှု၊ အိပ်ချ်အိုင်ဗွီ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ ပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်နေမှုကို တားဆီးနှိမ်နင်းခြင်းမရှိမှုစသည့် မမှန်ကန်သောအကြောင်း ပြချက်များဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

၃။ အဆိုပါ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးတို့ကို ထိခိုက်လာနိုင်သည်ဟု မမှန်မကန်လုပ်ကြံစွပ်စွဲပြီး အရေးယူရန် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတို့ တင်ပြခဲ့မှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က Double Veto အာဏာသုံးပယ်ချခဲ့ကြောင်းသိရှိရသဖြင့် မြန်မာနိုင်ငံပြည်သူလူထုကိုယ်စား အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများအား တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းရမည့် အရေးသာဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ပြည်ပမှဝင်ရောက်စွက်ဖက်မှုအား ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အတိအလင်းကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မဟာဂျာ**
**ဥက္ကဋ္ဌ**
**ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**သက်သာချောင်ချိရေးအဖွဲ့**

## ကြေးပိဋကတ်တော် ပြုလုပ်ရန် အလှူငွေများလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြတ်ဗုဒ္ဓ သာသနာတော် အဓွန့်ရှည်စွာ တည်တံ့အောင် ကြံဆောင်၍ ဘုရားဟော ပိဋကတ် ကျမ်းစာတော်များကို ခေတ်မီသော ကွန်ပျူတာနည်းပညာရပ်တို့ဖြင့် ရွှေရောင်ကြေးပြားပေါ်တွင် အက္ခရာရေးထွင်းလျက် ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းလျက်ရှိသည်။ ယခုအခါ အဘိဓမ္မာပိဋကဝင် ဓမ္မသင်္ဂဏီပါဠိတော် ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံ လာရောက် လှူဒါန်းကြသော အလှူရှင်များမှာ တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ် ဣန္ဒာသယလမ်း အမှတ် ၆၇ မြေညီထပ်နေ ဦးလှလှ–ဒေါ်ခင်ငြိမ်း မိသားစု၊ ဗဟန်းမြို့နယ် သံလွင်လမ်း ဝင်ဒါမီယာ အမှတ် ၄၂နေ နှစ်ဖက်သော ဘိုးဘွားမိဘများအား အမှူးထား၍ ဦးရဲသန်း–ဒေါ်လွင်မာဦး မိသားစု၊ ပန်းဘဲတန်းမြို့နယ် ၃၁လမ်းနေ ဘိုးဘွား မိဘများအား အမှူးထား၍ အစ်မ ဒေါ်သောင်းကျင်၊ အစ်ကို ဗိုလ်မှူးအောင်မြင့်၊ ညီမ ဒေါ်စောကျင် မောင်နှမတစ်စု၊ ပဲခူးတိုင်း ပြည်မြို့ အောင်ချမ်းသာရပ်ကွက်နေ နှစ်ဖက် မိဘများအား ရည်စူး၍ ဦးသိန်းထွန်း – ဒေါ်ကြည်ကြည်မြင့် (စက်မှုလယ်ယာ၊ ငြိမ်း)၊ သဃ်ၤန်းကျွန်းမြို့နယ် အမှတ်(၁၃/၃)ရပ်ကွက် ဓမ္မာရုံလမ်း အမှတ် ၄၂၈နေ ဦးတင့်ဆွေ–ဒေါ်ချိုချိုမာ မိသားစု၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း အမှတ် ၃၃၈ ဒုတိယထပ်နေ ဦးတင်အောင်အား ရည်စူး၍ ဒေါ်ခင်လေးမိသားစု၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အောင်သပြေရိပ်သာ လိုင်းသစ် ခ/၁၁နေ ဦးမောင်နု–ဇနီး ဒေါ်တင်အေး မိသားစု၊ ဗဟန်းမြို့နယ် ဆရာစံတောင် စံပြရပ်ကွက် မင်္ဂလာသိဒ္ဓိလမ်း အမှတ်၂နေ ဦးသိန်းဝေ–ဇနီး ဒေါ်ဦးသာနု၊ သား မောင်နေကိုလင်း၊ သမီး မရွှေလျှံဝင်း မိသားစု၊ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း အမှတ်၂၇၇ အခန်း၁၈နေ အငြိမ်းစားဆရာဝန်ကြီး ဒေါက်တာဦးလှဖော်၏ အသက်(၇၇)နှစ်ပြည့် မွေးနေ့အလှူ၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၇) ရပ်ကွက် ရာဇသူရ ၁၆လမ်း အမှတ် ၁၀၄၇နေ မိဘနှစ်ပါးနှင့် အစ်ကိုများ အားရည်စူး၍ ဦးမောင်မောင်ဝင်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်ခင်ဝင်း၊ ကိုသိန်းညွန့် မောင်နှမတစ်စုတို့က ကြေးပြား တစ်ချပ်စီအတွက် ငွေကျပ် ၂၀၀၀၀စီ အသီးသီးလာရောက် လှူဒါန်းကြသည်။

**ဆက်သွယ်နိုင်**

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ်ချင်းလမ်း ဗဟန်းမြို့နယ် (လမ်းညွှန်–ရေခဲဆိုင် မှတ်တိုင်အနီး၊ ရွှေကောင်းဟော့ပေါ့နှင့် မျက်နှာချင်းဆိုင်) ဖုန်း–၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

# အရေးကြီးသော မိုးလေဝသနှင့် မီဒီယာဆက်စပ်မှု သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၌ အရေးပါသောကဏ္ဍဖြစ်နေ

**တွေ့ဆုံမေးမြန်းသူ–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)**

ရန်ကုန် ဇန်နဝါရီ ၂၁

**ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများမှာ ယခင်နှစ်ကာလများနှင့်မတူ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်လာသည်။ ထိုသို့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုသိရှိနိုင်ရန် လိုအပ်လျက်ရှိသည်။**

**"မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာ သတင်းထုတ်ပြန်ချက်တွေ ပြည်သူတွေ အချိန်မီသိရှိအောင် မီဒီယာကဏ္ဍက အရေးကြီးပါတယ်"**

ဦးထွန်းလွင်
ညွှန်ကြားရေးမှူးချုပ်
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

## မီဒီယာ

ထိုသို့ ထူးခြားသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ပြည်သူလူထု အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ဆက်သွယ် ဆောင်ရွက်ပေးမည့် မီဒီယာ၏ အခန်းကဏ္ဍသည် အရေးပါလာသည်။ ထို့ကြောင့် မိုးလေဝသနှင့် မီဒီယာ ဆက်စပ်မှုအပေါ် အရေးပါ အရာရောက်မှုနှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား မြန်မာ့အလင်း သတင်းအဖွဲ့ တွေ့ဆုံမေးမြန်းချက်ကို ဖော်ပြလိုက်ပါသည်။

"မြန်မာနိုင်ငံမှာ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန တစ်ခုတည်းကပဲ ရာသီဥတုနဲ့ ပတ်သက်တဲ့ ကြိုတင်သတိပေးချက်တွေ၊ သတင်းတွေ ထုတ်ပြန်နေတာ ဖြစ်ပါတယ်။ ဒီလို ထုတ်ပြန် သတိပေးချက်တွေ ပြည်သူလူထု အချိန်မီ သိရှိအောင် ဆိုတာကတော့ မီဒီယာအပိုင်းပါပဲ။ ဒါသိပ်အရေးကြီးတဲ့ ကဏ္ဍပါ။ မရှိမဖြစ်လိုအပ်တဲ့အရာပါ"ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ဦးစွာ ရှင်းပြသည်။

## ခန့်မှန်းချက်

ရာသီဥတုခန့်မှန်းချက်၊ မြေငလျင်နှင့်ဆူနာမီ စသည့် သတင်းအချက်အလက်များ မည်မျှ သတိပေးနေစေကာမူ ပြည်သူလူထု အချိန်မီသိရှိရန် ဆောင်ရွက်ရမှုမှာ မီဒီယာအပိုင်းဖြစ်ရာ လွန်စွာအရေးကြီးသည့် အနေအထားရှိနေသည်။

"ကျွန်တော်တို့က သဘာဝဘေး (Hazart) နဲ့ပတ်သက်လို့ ဘယ်လိုပဲ သတိပေးချက်ထုတ်ပြန်ပေမယ့် အချိန်မီသတင်းမရောက်ရှိမှု၊ ဒေသခံပြည်သူတွေမသိရှိနိုင်မှု၊ ထုတ်ပြန်လိုက်တဲ့ အပေါ် ယုံကြည်မှု အားနည်းမှုနဲ့ လိုအပ်တဲ့ ပြင်ဆင်မှုတွေမရှိခဲ့ဘူးဆိုရင် အဲဒီသဘာဝဘေးကနေ သဘာဝဘေးဒုက္ခတွေ ကြီးမားစွာ ကြုံတွေ့ရနိုင်ပါတယ်။ အသက်ပေါင်းများစွာ သေဆုံးမယ်၊ အိုးအိမ်တွေပျက်စီးမယ်၊ စီးပွားရေးကိုလဲ ထိခိုက်နိုင်တယ်။ ဒါကြောင့် မီဒီယာရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်လို့ ဆိုတာပါ"ဟု ၎င်းက မြန်မာ့အလင်းသို့ ဆက်လက် ရှင်းပြသည်။

## မရှိမဖြစ်

မှန်ပေသည်။ မိုးလေဝသ သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ပြည်သူတို့ သိရှိအောင် မီဒီယာက ပံ့ပိုးပေးပါက သဘာဝဘေးဒုက္ခများမခံစားရအောင် ကာကွယ်နိုင်မှုအပြင် လျော့နည်းအောင်လည်း ကြိုတင်ပြင်ဆင်နိုင်သဖြင့် မီဒီယာအပိုင်းသည် မရှိမဖြစ်လိုအပ်လျက် ရှိနေသည်။

"အခုဆိုလျှင် မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာ သတင်း အချက်အလက်တွေကို မီဒီယာတွေဖြစ်တဲ့ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားနဲ့ ဂျာနယ်တွေက အဆက်မပြတ် ဖော်ပြပေးနေလို့ သဘာဝ ဘေးဒုက္ခတွေရဲ့ အန္တရာယ်က အချိန်မီရှောင်တိမ်းနိုင်တဲ့ ရလဒ်တွေ ကျွန်တော်တို့ ခံစားနေရပြီဖြစ်ပါတယ်" ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

## မုန်တိုင်းနှင့်ဒီရေ

ထို့အပြင် သတိပေးချက်ထုတ်ပြန်ချက်တွေ အချိန်နှင့်အညီကြိုတင်၍ မီဒီယာများကတစ်ဆင့် ထုတ်ပြန်ပေးခဲ့သော်လည်း အသိ အားနည်းသဖြင့် မဖြစ်သင့်တာများ ဖြစ်ခဲ့ရသည့် အဖြစ်များလည်းရှိခဲ့ကြောင်း သိရသည်။ ၎င်းမှာ ၁၉၉၄ ခုနှစ်က ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ မုန်တိုင်းဝင်မည့် သတင်းကို သုံးရက် ကြိုတင်သတိပေးခဲ့သည်။ မီဒီယာများကလည်း အချိန်နှင့်တစ်ပြေးညီ ဖော်ပြထုတ်လွှင့်ခဲ့ကြသဖြင့် လေပြင်းအားကြောင့် မုန်တိုင်းဒီရေ ၁၂ ပေအထိ တက်နိုင်ကြောင်း သတင်းထုတ်ပြန်ချက် သိရှိခဲ့သော်လည်း ပြည်သူအချို့ သေဆုံးခဲ့ရသည်။ ၎င်းမှာ အခြားမဟုတ်၊ သတိပေးချက်ကို သိရှိသော်လည်း ဒီရေကိုစောင့်ကြည့်ခဲ့ကြသဖြင့် ရုတ်တရက် တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက် ရိုက်ခတ်လာသော မုန်တိုင်းဒီရေကြောင့် သေဆုံးခဲ့ရခြင်းပင်ဖြစ်သည်။ ကြိုတင်သတိပေးနိုင်ခြင်း၊ သတိပေးမှုမှန်ကန်ခြင်း၊ အချိန်မီသိရှိခြင်း၊ အရေးတယူ ပြင်ဆင်နိုင်ခြင်းတို့ ရှိခဲ့သော်လည်း မုန်တိုင်းဒီရေ၏ သဘောသဘာဝကို နားမလည်ကြခြင်းကြောင့်ဖြစ်သည်ဟု ၎င်းက ရှင်းပြသည်။

## အသိနှင့်ဗဟုသုတ

ထို့ကြောင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတွင် အသိရှိရမည်၊ ဗဟုသုတရှိရမည်၊ သတင်းထုတ်ပြန်မှု အချိန်နှင့်တစ်ပြေးညီ ရှိရမည် ဆိုသည့် အရေးကြီးသည့် အချက်တွင် ပြည်သူများသိရှိရန်အတွက် ဆက်စပ်ပေါင်းစပ်ပေးသည့် မီဒီယာကဏ္ဍ အရေးကြီးကြောင်း ထင်ရှားလျက်ရှိနေသည်။

## အလေးထား

"မီဒီယာများအနေနဲ့ ထဲထဲဝင်ဝင် လုပ်နိုင်လေ ပြည်သူတွေ သတင်းအချက်အလက်နဲ့ အသိပညာတွေရရှိပြီး ဂရုတစိုက်နဲ့ ကြိုတင်ကာကွယ်မှုတွေ လုပ်နိုင်ရင် ကြီးမားတဲ့ဘေးဒုက္ခတွေ မကျရောက်နိုင်ပါဘူး။ ဒါကြောင့် မီဒီယာကို ကျွန်တော်တို့ အလေးထားပြီး အားကိုးနေရတာပေါ့"ဟု ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ဆက်လက် ရှင်းပြသည်။

သဘာဝ ဘေးအန္တရာယ်များ ကြုံတွေ့မှုမှကင်းဝေးရန် အလွှာပေါင်းစုံမှ ပါဝင်ပူးပေါင်းပြီး ဟန်ချက်ညီညီ ပြုလုပ်နိုင်လျှင် အောင်မြင်မှုများရရှိမည်ဖြစ်ရာ ထိုသို့ အောင်မြင်မှုများရရှိရေးတွင် မီဒီယာ၏ အခန်းကဏ္ဍသည် အရေးပါသောကဏ္ဍ၌ ရပ်တည်ရှိနေပါကြောင်း တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

## ငလျင်လှုပ်မှု ဖမ်းယူရရှိပုံ

**ဇန်နဝါရီ၁၃ရက်က မြန်မာစံတော်ချိန် နံနက်၁၁နာရီ၂မိနစ် ၅၄စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၈၈ဝ ခန့် ကွာဝေးသော ပင်လယ်ပြင်ကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိ အင်အားပြင်း ငလျင်လှုပ်မှုကို ကမ္ဘာ့အေးမြေငလျင်စခန်းမှ ဖမ်းယူရရှိပုံကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)



# သမိုင်းဝင် ရွှေမော်တင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သမိုင်းဝင်ရွှေမော်တင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကြီးများမှာ စေတီတော်ကြီးအား သံကူကွန်ကရစ်ချုပ်တန်းများဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ပြီးပါ၍ ကျန်ရှိနေသော ဖော်ပြပါလုပ်ငန်းများကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေပါသဖြင့် အရိယနွယ်ဝင် သူတော်စင်များနှင့် ပါရမီရှင်အပေါင်းတို့အား ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ထားသည်။

စေတီတော်ကြီး ငှက်ပျောဖူးအောက်မှ ပန်းတင်ခုံအထိ လုံးတော်ပြည့်ရွှေဆေးသက်န်းကပ်လှူရန်နှင့် မုခ်ဦးတန်ဆောင်းတော်ကြီးများနှင့် စောင်းတန်းများ တည်ဆောက်လျက်ရှိရာ ရွှေဆေး တစ်ဂါလန်ကျပ် ၅၀၀၀၀၊ မုခ်ဦးတန်ဆောင်းတော်ကြီးတစ်ဆောင် ကျပ် ၅၅သိန်း၊ စောင်းတန်းတစ်ခန်းလျှင် ကျပ် ၃၅၀၀၀၀၊ ရွှေသင်္ကန်းတစ်ဆိုင်းလျှင် ကျပ် ၂၅၀၀၀ဖြင့် ဦးဇော်စိုး(ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) ဖုန်း–၆၂၀၀၄၂၊ ဦးအုန်းလွင် မြို့နယ်သာသနာရေးမှူး ဖုန်း–၆၂၀၀၆၄၊ ဦးသန်းတင် (ဥက္ကဋ္ဌ ရွှေမော်တင်ဘုရားဂေါပကအဖွဲ့) ဖုန်း–၆၂၀၈၈၉၊ ဦးခင်အောင် (နာယက ဂေါပကအဖွဲ့) ဖုန်း–၆၂၀၄၁၃၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဖုန်း–၆၂၀၀၄၃ နှင့် ရွှေမော်တင်ဂေါပအဖွဲ့ရုံး ဖုန်း–၆၂၀၅၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ်နေ အနန္တ ကျေးဇူးရှင်များ ဖြစ်ကြသော မိဘနှစ်ပါး၊ အစ်မကြီးဒေါက်တာဒေါ်သန်းခင်နှင့် ခင်ပွန်းဦးသောင်းအား ရည်စူး၍ ဒေါ်ရင်မေမိသားစုက အလှူငွေကျပ်ငါးသိန်းကို ဥက္ကဋ္ဌဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

နတ်တလင်းမြို့နယ် အသင်း၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမ္ဗာရုံ(ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)၌ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ၊ အပူဇော်ခံ ပုဂ္ဂိုလ်များ၊ ဆုရကျောင်းသူ ကျောင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက် ၇၅နှစ်နှင့် အထက်ရှိ အသင်းဝင်များ၊ ၂၀၀၆ခုနှစ်အတွင်း တက္ကသိုလ်၊ ကောလိပ်တန်းများတွင် ဂုဏ်ထူးရရှိသူများ၊၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲနှင့် အဋ္ဌမတန်း စာမေးပွဲတို့တွင် ဂုဏ်ထူးရရှိသူများ၊ အခြေခံပညာကျောင်းများတွင် တန်းခွဲအားလုံးပေါင်း ပထမရသူများ၊ တန်းခွဲ တစ်ခုချင်းအလိုက်ပထမရသူများနှင့်အခြားထူးချွန်သူများ၏ အမည်စာရင်းကို ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ ဦးအေး ဖုန်း–၃၇၂၄၃၅၊ ဒေါ်ဝင်းကြည် ဖုန်း–၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း–၆၆၆၂၇၈၊ ဦးမောင်မောင်မြင့် ဖုန်း–၂၂၂၂၆၀၊ ဦးလှသန်း ဖုန်း–၅၃၇၈၃၉၊ ဦးခင်အောင် ဖုန်း–၆၁၁၀၄၅၊ ဦးမြင့်ဆွေ ဖုန်း–၅၁၈၀၈၆၊ ဦးသိန်းထွန်း ဖုန်း–၅၈၄၃၀၅နှင့် ဦးဝင်းအောင် ဖုန်း–၀၉–၅၀–၀၃၆၂၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။**(က–ပ)**

**၂၀၀၇ခုနှစ် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းကို ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာလွင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်၌ ဇန်နဝါရီ ၁၄ ရက်က ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ပေးစဉ်။**

(မြန်မာ့အလင်း)

**ဇန်နဝါရီ၁၉ရက်က လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက် ၉လမ်းမ္ဗာရုံတွင် ကလေးငယ်များ ဝက်သက်ကာကွယ်ဆေးထိုးခြင်းကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်မူနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖြိုးဇော်အောင်တို့ ဝိုင်းဝန်းဆောင်ရွက်ကြစဉ်။** (၁၈၇)

ဇန်နဝါရီ ၇ရက်က ဥက္ကလာပ စေတီတော်ကြီးအား ပထမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် တောင်ဥက္ကလာပမြို့နယ် ၁၄/၃ ရပ်ကွက် ခွာညိုလမ်း အမှတ်(၃၅)နေ ဦးသောင်းတင်-ဒေါ်လှိုင် မိသားစုက အလှူငွေကျပ်တစ်သိန်း ငါးသောင်းကို စေတီတော်ဩဝါဒါစရိယ ပျော်ဘွယ် ဆရာတော် ဦးနရိန္ဒထံမှ ရေစက်ချ အနုမောဒနာတရားနာယူပြီး ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၂၀၀)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်းနေ အောင်ပန်း ဦးအေးမောင်-ဒေါ်လှလှတိုး(မဟာကော်ဖီ) မိသားစုက ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကရေ ဆရာတော်ကြီး ငယ်စဉ်ကာလ သာမဏေဘဝက သီတင်းသုံး ခဲ့သော မြင်းခြံမြို့ မင်းကျောင်းတိုက်၌ ဝိသာခါအဖွဲ့မှ လစဉ်မတည်၍ ဆန္ဒတော်ပြည့် ဘက်စုံတည်ဆောက်ရေးအဖွဲ့က ဆောက်လုပ်နေဆဲ ဆန္ဒတော်ပြည့်တိပိဋကဓမ္မပါလ နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေကျပ်၅၈၅၀၀၀ ကို အကျိုးတော်ဆောင် နာယကဆရာတော် ဒီဃဘာဏက၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နန္ဒိယ ဆန္ဒတော်ပြည့် ဆရာတော်ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း စည်းဝေး စက်ခေါင်းနှင့် အဆင့်မြင့်ရထားတွဲများ ပြည်တွင်း၌တည်ဆောက်နေ

နေပြည်တော် ဇန်နဝါရီ ၂၁

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကား ပြောကြားသည်။**

## တက်ရောက်

အစည်းအဝေးသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရ ဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမိတ္ထီလာမှ ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် တိုင်းများမှ အရာရှိများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက အမှာစကား ပြောကြားရာတွင် ယခင် လေးလပတ်အတွင်း လုပ်ငန်းရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ၌ တွေ့ကြုံခဲ့သော အားသာချက်၊ အားနည်းချက်များကို ပြန်လည် သုံးသပ်ပြီး အားသာချက်ရရှိအောင် ကြိုးပမ်းဆောင် ရွက်ရန်လိုကြောင်း၊ စက်ခေါင်းနှင့် အဆင့်မြင့်ရထားတွဲများ ပြည်တွင်း၌တည်ဆောက်နိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အင်းစိန် စက်ခေါင်းစက်ရုံ၌ မကြာမီ စက်ခေါင်းသစ် တည်ဆောက်ပြီးစီးတော့မည်ဖြစ်ကြောင်း၊ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လေ့လာသုံးသပ်ခဲ့ရာ တိုးတက်မှုများရရှိလာကြသည်ကိုတွေ့ရှိရကြောင်း၊ ဌာနဂုဏ်သိက္ခာ မြင့်မားရေးအတွက် လူတော်၊ လူကောင်းများဖြစ်နေရန် လိုကြောင်း ပြောကြားသည်။

## ရှင်းလင်းမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က လုပ်ငန်းရည်မှန်းချက်များအပေါ် ဌာနအသီးသီး၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေတို့ကိုသုံးသပ်ပြီး ဝန်ထမ်းပိုင်းဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အားနည်းမှုများနှင့်ပတ်သက်ပြီး ကြိုးပမ်းအားထုတ်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ရှင်းလင်းမှာကြားသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့ကမိမိတို့ဌာနအလိုက် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုဆွေးနွေးတင်ပြကြသည်။

## ဂုဏ်ယူလုပ်ကိုင်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဌာနအသီးသီး၏ တင်ပြချက်များအပေါ် သုံးသပ်မှာကြားပြီး ရည်မှန်းချက်တာဝန်များကို ဝန်ထမ်းကောင်းပီသစွာ ဆက်လက်ကြိုးပမ်း အားထုတ်ဆောင်ရွက်ရန်လိုကြောင်း၊နိုင်ငံတော်ကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့ဌာနများကလည်း လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစွာ ဆောင်ရွက်ခြင်းဖြင့် ဂုဏ်ယူလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

## မိုးကုတ်တရားစခန်းနှင့် ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာ အောင်သိဒ္ဓိကျောင်း မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၁၀၂)၏ ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲကို တပို့တွဲလဆန်း ၃ရက်နေ့တွင်ဦးအောင်မြင့်-ဒေါ်ထွေးကြည်တို့က အကုန်အကျခံပြုလုပ်ပြီး တရားစခန်းပွဲကို ၄ရက်မှ ၁၀ရက်(ဇန်နဝါရီ ၂၁ရက်မှ ၂၇ ရက်အထိ)ကျင်းပလျက်ရှိသည်။

ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ (B.Sc, Phy.) က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားပြီး မည်သူမဆို လာရောက် ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်နိုင်ကြောင်းနှင့် တရား စခန်းဝင်ရောက်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## ကြံခင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၁

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရှိ M-3 Food Centre ၌ ဇန်နဝါရီ ၁၄ရက် နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားတွင် ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)က အမှာစကားပြောကြားသည်။

## အတည်ပြု

ထို့နောက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းနှင့် ဘာသာရေး၊ ရေဘေး အလှူငွေစာရင်းများကို ရှင်းလင်းတင်ပြပြီး ၂၀၀၇ ခုနှစ်အတွက် အသင်း၏ အမှုဆောင်သစ်စာရင်းကို အတည်ပြုသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ သုံးဘာသာအထက် ဂုဏ်ထူးရရှိကြသည့် အသင်းဝင်များ၏ သားသမီးများနှင့် ရေဘေးအလှူ ထည့်ဝင်ကြသည့် အလှူငွေကျပ် ငါးသောင်းနှင့် အထက် အလှူရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**(က-ပ)**

**ဗိုလ်တထောင်မြို့နယ် ၄၂လမ်း အမှတ် ၉၉ နေ ဟာဂျီမ မမေရမ်နှင့် ဟာဂျီမ မအေးမြင့် မိသားစုက ဦးလှထွန်း(မေတ္တာရိပ်မွန်ကင်ဆာ) ဖောင်ဒေးရှင်းနှင့် ကွယ်လွန်သူတို့အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း(မေတ္တာရိပ်မွန် ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးနှင့် ဦးစန်းအေးတို့က လက်ခံယူစဉ်။** (က-ပ)

**ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)က ၂၀၀၆-၂၀၀၇ တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရှင် မမေမြတ်မွန်အား ဆုချီးမြှင့်စဉ်။** (က-ပ)

## ပန်းပျိုးသူတို့အလင်္ကာ ဆက်လက်ပြသနေ

ရန်ကုန် ဇန်နဝါရီ ၂၁

ဒါရိုက်တာ ဟိန်းစိုး ရိုက်ကူးပြီး လူမင်း၊ နေတိုး၊ဇော်ဝမ်း၊ မေသဥ္ဇာဦးနှင့် နဝရတ်တို့ ခေါင်းဆောင်ပါဝင်ထားသော **ပန်းပျိုးသူတို့အလင်္ကာ** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့် ရုံများတွင် ဒုတိယပတ်အဖြစ် ဆက်လက် ပြသနေဆဲဖြစ်သည်။

နေပြည်တော်ရုံတွင် တန်မင်းဆက်အုပ်စိုးစဉ်က မိုးပျံဓားမြှောင်ဂိုဏ်းအား ဖော်ထုတ်တိုက်ခိုက်ပုံများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော တရုတ်ဓားသိုင်းကား House of Flying Daggers ရုံဝင်လာသည်။ ရှေ့ဆောင်ရုံတွင် တရုတ်နာမည်ကြီး မင်းသမီး ဂေါင်လီ ပါဝင်သော Miami Viceဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ ရွှေဂုန်ရုံ အပေါ်ထပ်၌ The Real Mccoy အက်ရှင်ကား ရုံဝင်လာပြီး ရွှေဂုန်ရုံ မြေညီထပ်တွင် စူနီးလ်ရှက်သီးနှင့် ဆန်နီဒိုးလ်တို့ ခေါင်းဆောင် ပါဝင်ထားသော Qahar အိန္ဒိယဇာတ်ကား တင်ဆက်နေသည်။ တန်းမြင့် မြို့မရုံတွင် Dil Hai Tumhaara ဇာတ်ကား ဆက်လက်ပြသနေပြီး ဘုရင့်ရုံတွင် ရှာရွတ်ခန်းနှင့် အမီးလ်ခန်တို့ ခေါင်းဆောင် ပါဝင်ထားသော Ishq ဇာတ်ကား ပြသနေသည်။ ဆုထူးပန်ရုံတွင် ဆန်ဂျေးဒတ်နှင့် ဂျက်ကီရှရော့တို့ ပါဝင်သည့် Jung ဇာတ်ကားတစ်ကျော့ပြန် ရုံဝင်လာသည်။

**သံသရာ စက်ဝန်းတစ်နေရာရာ** ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

**ရုပ်ရှင်သတင်းထောက်**

ဒါရိုက်တာ မောင်မောင်ဦး (စနိုးဝှိုက်)၏ **ပြဒါးမဲ့မှန်** ဇာတ်ကား မြို့လယ် စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် **သံသရာစက်ဝန်းတစ်နေရာရာမှ** ဗီဒီယိုဇာတ်ကား ပြသနေပြီး မြရတနာရုံတွင် **ဘမျိုးဘိုးတူ ဘယ်သန်ဘမှန်** ဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။

လွန်းထားထား(ဆေးတက္ကသိုလ်)၏ ဝတ္ထုကို ဒါရိုက်တာ ကိုအောင်မင်းသိမ်းရိုက်ကူးပြီး ကျော်ရဲအောင်၊ နန္ဒာလှိုင်၊ မေသဥ္ဇာဦး၊ လင်းလက်ဟိန်း၊ အာကာ၊ နွေးနွေးလှိုင်၊ ချစ်စနိုးဦးနှင့် ရဲအောင်တို့ပါဝင် သရုပ်ဆောင်ထားသော **ဒုတိယမြောက် ဟန်းနီးမွန်း** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရိုက်ကူးပြီးစီးပြီဖြစ်၍ မကြာမီ ရုံဝင်လာမည်ဟု သိရသည်။ ။

**(မြန်မာ့အလင်း)**

**ပန်းပျိုးသူတို့ အလင်္ကာ** ဇာတ်ကားမှ လူမင်း။

# မြန်မာအမျိုးသမီးများ ပညာရည်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး Communicative English Language Course for Women သင်တန်းဆင်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သည့် Communicative English Language Course for Women သင်တန်းဆင်းပွဲတွင် သင်တန်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သည့် Communicative English Language Course for Women သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင်ခန်းမ၌ ကျင်းပသည်။

**လက်ခံရယူ**

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာအမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးလျက်ရှိရာ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်း အဖွဲ့ခွဲက မြန်မာအမျိုးသမီးများ ပညာရည် မြင့်မားရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းဆင်းများအနေဖြင့် သင်တန်းက ပို့ချချက်များကို ဆက်လက်လေ့ကျင့် သွားကြရန် တိုက်တွန်းကြောင်း ပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူလေးဦးက လက်ခံရယူသည်။

ဆက်လက်၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

**အလှူငွေပေး**

ထို့နောက် ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်လှက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ အလှူငွေပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လေးမြင့်က လက်ခံသည်။

**တက်ရောက်**

အဆိုပါသင်တန်းကို ရက်သတ္တရှစ်ပတ်ကြာ ပို့ချခဲ့ပြီး သင်တန်းသူ ၁၂၄ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် တာမွေဈေးလမ်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေဝါဝင်းအငြိမ့်ဖြင့် ဇန်နဝါရီ၂၀ရက်က ဖျော်ဖြေကပြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ရွှေဝါဝင်းအငြိမ့် ခေါင်းဆောင်မင်းသမီး အေးအေးမော်ထံသို့ ဆုငွေကျပ်တစ်သိန်းခွဲအား ပေးအပ်ချီးမြှင့်စဉ်။** (က-ပ)

# (၁၀)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီ ဟသ်ာတပရဟိတကျောင်းတိုက်ကြီး၏ ပဓာနနာယက ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌ (မဟာဒွါရ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မေတ္တာဝါဒီဆရာတော်ကြီး၏ ဩဝါဒကိုခံယူပြီး မိုးညိုမြို့နယ် ကြက်ခြေနီတပ်ရင်း မြို့နယ်သွေးလှူရှင် အကျိုးဆောင်အဖွဲ့က ကြီးမှူး၍ မိုးညိုမြို့ရှိ သွေးလှူသည့်အကြိမ် တစ်ကြိမ်မှ (၆၃)ကြိမ်အထိ သွေးလှူရှင်၅၄၀တို့၏ (၁၀)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၇ရက်က လူပုဂ္ဂိုလ်သွေးလှူရှင်များအား မဟာသုမင်္ဂလသီဟ ကြေးသွန်းဘုရားကြီး အာရုံခံတန်ဆောင်း၌လည်းကောင်း၊ ၂၀ရက်တွင် သံဃာတော် သွေးလှူရှင်များအား ဗုဒ္ဓမြတ်စွယ်တော် အာရုံခံတန်ဆောင်း၌ကျင်းပသည်။ အခမ်းအနားသို့ မေတ္တာဝါဒီဆရာတော်ကြီး ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပြီး မိုးညိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(က-ပ)**

# နှစ်ပတ်လည်အထိမ်းအမှတ်နှင့် ပဋ္ဌာန်းရွတ်ဖတ်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် ၁၆ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် စတင်တည်ထောင်တော်မူသော မူလကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သာဂရ ဆရာတော်ကြီး ပျံလွန်တော်မူသော နှစ်ပတ်လည် အထိမ်းအမှတ်နှင့် (၁၄)ကြိမ်မြောက် ပဋ္ဌာန်းမြတ်ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို (၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၈ရက်မှ လဆန်း၁၂ ရက်) ဇန်နဝါရီ ၂၅ရက်မှ ၂၉ရက်အထိ ကျင်းပ၍ အလှူတော်ရေစက်ချတရားပွဲကို(တပို့တွဲလဆန်း၁၂ရက်) ဇန်နဝါရီ ၂၉ရက်မွန်းတည့်၁၂နာရီတွင် သာသနာဒီပသဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြရန်ဖိတ်ကြားထားကြောင်း သိရသည်။ **(၃၅၂)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

### ကျောင်းအနီးက အမှိုက်ပုံ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဦးစံဖေ ရပ်ကွက် ဗန္ဓုလလမ်းနှင့် လေးဒေါင့်ကန် လမ်းမကြီးထောင့် အထက(၁)ကျောင်းအနီးရှိ အမှိုက်ပုံကြီးကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ၏ ကျန်းမာရေး ထိခိုက်ခြင်း၊ ရေနုတ်မြောင်းများ ပိတ်ခြင်း၊ ခြင်ပြည်ရီးနှင့် အဆောက်အအုံများ ပျက်စီးခြင်းတို့ ဖြစ်ပေါ်နေပါသဖြင့် ယင်းအမှိုက်ပုံကြီးကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **(ယာပုံ)**

**သန့်ရှင်းစေလိုသူ**

### ဂျိုးဖြူရေ မှန်မှန်လာစေချင်

**စာတည်းရှင့်–**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ဇာနည်၁၀လမ်းတွင်ဂျိုးဖြူရေသွယ်ထားသော အိမ်များ ရေမရသည်မှာကြာပြီဖြစ်ပါသဖြင့် သက်ဆိုင်ရာမှရေအမြန်ရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဇာနည်လမ်းသူ**

### ပါရမီ(ပါဒလိတ်)ကျေးရွာ၌ စာတိုက်လိုအပ်နေ

**စာတည်းခင်ဗျား–**

စစ်တွေ–ရန်ကုန်ကားလမ်းပေါ်ရှိ ပါရမီ(ပါဒလိတ်)ကျေးရွာသည် လူဦးရေနှင့် အိမ်ခြေများသော ကျေးရွာကြီးတစ်ရွာဖြစ်ပြီး စစ်တွေမြို့သို့သွားသည့် လိုင်းကားဂိတ်၊ ဆိပ်ကမ်းနှင့် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းတို့ ရှိပါသည်။

ပါဒလိတ်ကျေးရွာစာတိုက်တစ်ခု ဖွင့်လှစ်ပေးပါရန် တင်ပြအပ်ပါသည်။

**ပါဒလိတ်သား**

### ကျူးကျော်တဲများ ရှင်းလင်းပေးပါ

**စာတည်းရှင့်–**

မန္တလေးမြို့ အောင်မြေသာစံ မြို့နယ် ၁၁ လမ်းနှင့် ၁၂ လမ်းကြား ၇၉လမ်းတွင် မီးလောင်ပြင်မှ ကျူးကျော်တဲများ လမ်းပိတ်ဆို့၍ ဆောက်ထားသည်မှာ နှစ်နှစ်ကျော် ကြာပြီဖြစ်၍ မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် အမြန်ဆုံး ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**မီးဘေးစိုးရိမ်သူ**

### အမှတ်(၁)ဆိပ်ကမ်းတံတား၌ ခွင့်ပြုချက်အတိုင်း ဆိုက်ကပ်သင့်

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လမ်းမတော် အမှတ်(၁) ဆိပ်ကမ်း တံတားတွင် ဆိုက်ကပ်ခွင့်ပြု ရေယာဉ် လေးစင်းသာ ခွင့်ပြုထားသော်လည်း ၎င်းဆိပ်ကမ်း တံတား၌ ရေယာဉ် ၁၀ စင်းကျော် အမြဲတမ်း ဆိုက်ကပ်နေသဖြင့် အတွင်းပိုင်းနေရာရှိ ရေယာဉ်များ မကြာခဏ ကျိုးပျက်ခြင်း၊ ခရီးသည်များအန္တရာယ်နှင့်ကြုံတွေ့ရခြင်းတို့ကြောင့် သက်ဆိုင်ရာက လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အန္တရာယ်ကင်းစေလိုသူ**

### လမ်းမြေပေါ်ကျူးကျော်ထားမှုဆောင်ရွက်ပြီး

(၁၁–၉–၂၀၀၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဝါးခယ်မမြို့ မြူနီစီပယ်လမ်းနှင့် ခေါက်ဆွဲတန်းလမ်းထောင့်ရှိ နေအိမ် လမ်းနယ်မြေသို့ ငါးပေခန့်ကျူးကျော်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

### ယာယီပုံကျဈေးရှင်းလင်းဖယ်ရှားပြီး

(၂၀–၁၁–၂၀၀၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပဲခူးမြို့ ယာယီပုံကျဈေးဖယ်ရှားပေးရန်** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဖယ်ရှားပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(အောက်ပုံ)**

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

# မန်ယူအတွက် မွေးဖွားလာသော ပေါလ်စခိုးလ်

လန်ဒန် ဇန်နဝါရီ ၂၁

**ကမ္ဘာကျော် မန်ချက်စတာယူနိုက်တက်ကွင်းလယ်၌ အချိန်အကြာဆုံး ကစားနိုင်သူအဖြစ် စံချိန်တင်မည့်သူမှာ မန်ယူအသင်း ကွင်းလယ်အင်ဂျင်စက်ဖြစ်သည့် ပေါလ်စခိုးလ်ပင် ဖြစ်သည်။ မန်ယူကဲ့သို့အသင်းကြီးတွင် အရေးကြီးသော ကွင်းလယ်ဖန်တီးရှင်အဖြစ် ခိုင်ခိုင်မြဲမြဲရပ်တည်နေနိုင်သော ပေါလ်စခိုးလ်၏ နောက်ကြောင်းကိုငဲ့စောင်းကြည့်လိုက်ပါလျှင်...**

**မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးလ်။**
(ဓာတ်ပုံ-အင်တာနက်)

ဂျင်ဂျာမင်းသား၊ ဂျင်ဂျာနင်းဂျား နှင့် စခိုးလ်စီဟု ချစ်စနိုး အမည်ပေးထားသည့် ပေါလ်စခိုးလ်ကို ၁၉၇၄ခုနှစ် နိုဝင်ဘာလ ၁၆ရက်၌ အင်္ဂလန်နိုင်ငံ ဆဲလ်ဖို့ဒ်အရပ်၌ မွေးဖွားခဲ့သည်။ ငယ်ရွယ်စဉ်ကပင် ဘောလုံးကစားတိုင်း ကွင်းလယ်မှပင် တစိုက်မတ်မတ် ကစားခဲ့သူဖြစ်ပြီး မန်ယူကလပ်သို့ အသက် ၁၄ နှစ်အရွယ်ကပင် ရောက်ရှိလာခဲ့သည်။

ပေါလ်စခိုးလ် မန်ယူလူငယ်အသင်းသို့ ရောက်သည့်နှစ်မှာပင် အက်ဖ်အေလူငယ်ဖလားကို ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ရာမှ ပေါလ်စခိုးလ်၏ အမည်လည်း စတင်ကျော်ကြားလာခဲ့သည်။ ထို့ကြောင့် ၁၉၉၃ခုနှစ် ဇူလိုင်လ ၂၃ရက်တွင် မန်ယူအသင်းကြီးသို့ ကြေးစားဘောလုံးသမားအဖြစ် စတင်ရောက်ရှိလာခဲ့သည်။

**ချီးမွမ်း**

အသက်ငယ်ငယ်နှင့် မန်ယူအသင်းကြီးသို့ရောက်ရှိလာသော ပေါလ်စခိုးလ်သည် ပထမဆုံး စတင်ကစားသည့် ဘောလုံးရာသီ၌ပင် မန်ယူအတွက် ၁၇ပွဲကစားပေးခဲ့ပြီး ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပေါလ်စခိုးလ်၏အံ့ဖွယ်ခြေစွမ်းကို မန်ယူကလပ်ဘုတ်အဖွဲ့ လူကြီးများက အဲရစ်ကန်တိုနာ ကဲ့သို့သော ဘောလုံးသမားဖြစ်သည်ဟု မှတ်ချက်ပြု ချီးမွမ်းခဲ့ကြလေသည်။

**အစွမ်းကုန်ကြိုးစား**

ပေါလ်စခိုးလ်သည် အရပ် ၅ပေ ၇လက်မရှိသဖြင့် ဘောလုံးသမားတစ်ဦး အနေဖြင့် အရပ်နိမ့်သည်ဟု ပြော၍ မရအောင် အပေါ်ဘောများကိုလည်း ကောင်းကောင်း အသုံးချနိုင်သူတစ်ဦး ဖြစ်သည်။ ၁၉၉၇-၉၈ ဘောလုံးရာသီတွင် မန်ယူကွင်းလယ်၌ ရွိုင်ကိန်းနှင့် ဘက်ခမ်းတို့ ခြေစွမ်းပြနေချိန်ဖြစ်ရာ ပေါလ်စခိုးလ်အနေဖြင့် ပုံမှန်နေရာရရှိရေး အစွမ်းကုန်ကြိုးစား ကစားခဲ့ရသည်။

ထို့နောက် ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ခြေစွမ်းပွဲ၌ တောင်အာဖရိကအသင်းနှင့် အိုးထရက်ဖို့ဒ်၌ ကစားခဲ့ရာ အင်္ဂလန်တို့အတွက် နှစ်ဂိုးစလုံးကို ပေါလ်စခိုးလ်ကပင် သွင်းယူပေးခဲ့သည်။ နောက်ပိုင်းတွင် အင်္ဂလန်အသင်းအတွက် ကွင်းလယ်၌ မရှိမဖြစ် ဘောလုံးသမား ဖြစ်လာသည်။

ထို့အတူ ၁၉၉၈-၉၉ဘောလုံးရာသီတွင် မန်ယူ၏ အဓိက ဘောလုံးသမားဖြစ်လာပြီး ထိုနှစ်မှာပင် မန်ယူအတွက် ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် အက်ဖ်အေ ဖလားတို့ကို သိမ်းကျုံး ယူငင်ပေးနိုင်ခဲ့လေသည်။ ထိုနှစ်က အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲတွင် နယူးကာဆယ်ကို နှစ်ဂိုး သွင်းယူခဲ့ရာ၌ တစ်ဂိုးမှာ ပေါလ်စခိုးလ် သွင်းယူခဲ့သော ဂိုးဖြစ်လေသည်။

ထို့အပြင် ထိုနှစ်က ပိုလန်နှင့် အင်္ဂလန် ကစားခဲ့သောပွဲ၌ အင်္ဂလန်အတွက် တစ်ဦးတည်း သုံးဂိုးသွင်းကာ ဟက်ထရစ်ရယူနိုင်ခဲ့ပြီး ယူရို ၂၀၀၀ ရွှေးထွက်ပွဲစဉ်၌ စကော့တလန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ယူခဲ့သည့်ပွဲ၌လည်း နှစ်ဂိုးစလုံး ပေါလ်စခိုးလ် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**ထိန်းချုပ်နိုင်**

ထိုနောက်ပိုင်းတွင် မန်ယူနှင့် အင်္ဂလန်အသင်းတို့တွင် အကောင်းဆုံး ကွင်းလယ်ကစားသမား ဖြစ်လာပြီး ဘောလုံးပွဲ၏ ကစားရှိန် အတက်၊ အကျကို ထိန်းချုပ်နိုင်သူအဖြစ် ရောက်ရှိလာခဲ့တော့သည်။ ၂၀၀၂ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်အသင်း အတွက် အရေးကြီးဆုံး ကွင်းလယ်ကစားသမားအဖြစ် တာဝန်ယူကစား ပေးနိုင်ခဲ့သည်။

၂၀၀၄ ဩဂုတ်လတွင်မူ လူငယ်ဘောလုံးသမားများအား နေရာပေးလိုသဖြင့် အင်္ဂလန်လက်ရွေးစင် အဖြစ်မှ အနားယူခဲ့လေသည်။ ယခုအခါ အင်္ဂလန်နည်းပြမက်ကလာရင်က ပြန်လည်ကစားရန် ခေါ်ယူနေသော်လည်း ငြင်းဆိုထားပြီဖြစ်သည်။

**ဆုံးဖြတ်ထား**

မန်ယူအသင်းတွင် ၁၀နှစ်ကျော်ကာလတစ်လျှောက် ကွင်းလယ်ကစားသမားအဖြစ် ကစားခဲ့ရာတွင် ပရီမီယာလိဂ်ဖလားခြောက်ခု၊ အက်ဖ်အေ ဖလားသုံးခုနှင့် ချန်ပီယံလိဂ်ဖလား တစ်ခု ရယူပေးနိုင်ခဲ့သည်။ အခြားကလပ်အသင်းပေါင်းများစွာက စိတ်ကြိုက်လုပ်ခလစာပေးပြီးခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ပေါလ်စခိုးလ်က အားလုံး ကို ငြင်းပယ်ခဲ့ပြီး မန်ယူတွင်သာ ဘောလုံးသမားဘဝကုန်ဆုံးရန် ဆုံးဖြတ်ထားကြောင်း ပြန်ကြားခဲ့သည်။

ပေါလ်စခိုးလ်သည်မန်ယူနှင့်ပွဲပေါင်း ၅၁၅ပွဲ ကစားခဲ့ပြီး ဂိုးပေါင်း ၁၃၅ဂိုး သွင်းယူပေးနိုင်ခဲ့သလို ကစားခဲ့ပြီးသမျှ ပွဲများ၌ အဝါကတ် ၁၀၃ ကြိမ်နှင့် အနီကတ် သုံးကြိမ် အပြခံခဲ့ရသည်။ အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၆၈ပွဲ ကစားပေးခဲ့ပြီး ၁၄ဂိုး သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

မန်ယူအသင်း၏ လက်ရှိအနေအထားတွင် ကွင်းလယ်၌ အမာခံဘောလုံးသမားအဖြစ်တက်တက်ကြွကြွ ကစားနေဆဲဖြစ်ပြီး ယခုနှစ်၌ မန်ယူအတွက် ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေနှင့် ချန်ပီယံလိဂ်ဖလားများ ရယူပေးနိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားလျက် ရှိနေသည်။

**မွေးဖွားလာ**

လက်ရှိအချိန်၌ မန်ယူအသင်းအတွက် မရှိမဖြစ် ကစားသမားတစ်ဦးဖြစ်နေသော ပေါလ်စခိုးလ်က မိမိသည် မန်ယူအသင်းအတွက် ဘောလုံးကစားရန် မွေးဖွားလာသူတစ်ဦးဟုပင် ပြောကြားခဲ့သည်။

**မှတ်တမ်း**

ပေါလ်စခိုးလ်ပြောခဲ့သည့် စကားလိုပင် မန်ယူကလပ်အတွက် ပွဲပေါင်း ၅၀၀ကျော် ကစားပေးခဲ့သော ဘောလုံးသမားများဖြစ်သည့် ဘော်ဘီချာလ်တန်၊ ဘီလ်ဖောကက်စ်နှင့် ဒင်းနစ်အာဝင်တို့နောက်၌ ကိုးယောက်မြောက် ပွဲအများဆုံးကစားသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သူ ဖြစ်သည်။

ယခု ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌ မန်ယူကလပ်အတွက် ပေါလ်စခိုးလ်အနေဖြင့် မည်သည့် ဆုဖလားများ အရယူပေးနိုင်မည်ကို စောင့်မျှော်ကြည့်ရှုရင်း...။ ။

**(ကိုးကား-အင်တာနက်သတင်းများ)**

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ပေါလ်စခိုးလ်သည် အရပ် ၅ပေ ၇လက်မရှိသဖြင့် ဘောလုံးသမားတစ်ဦး အနေဖြင့် အရပ်နိမ့်သည်ဟု ပြော၍ မရအောင် အပေါ်ဘောများကိုလည်း ကောင်းကောင်း အသုံးချနိုင်သူတစ်ဦး ဖြစ်သည်။ ၁၉၉၇-၉၈ ဘောလုံးရာသီတွင် မန်ယူကွင်းလယ်၌ ရွိုင်ကိန်းနှင့် ဘက်ခမ်းတို့ ခြေစွမ်းပြနေချိန်ဖြစ်ရာ ပေါလ်စခိုးလ်အနေဖြင့် ပုံမှန်နေရာရရှိရေး အစွမ်းကုန်ကြိုးစားကစားခဲ့ရသည်။

# ကမ္ဘာတစ်လွှား အားကစား

## ပရီမီယာလိဂ်ပွဲစဉ်(၂၄)ဆက်လက် ယှဉ်ပြိုင် မစ်ဒယ်ဘရော့တို့ ဘော်လ်တန်ကို ဂိုးပြတ်အနိုင်ရ

လန်ဒန် ဇန်နဝါရီ ၂၁

**ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၄)ကို ဇန်နဝါရီ ၂၀ရက်က ဆက်လက်ကစားရာ မန်စီးတီးက အိမ်ကွင်း၌ ဘလက်ဘန်းကို သုံးဂိုးပြတ်ရှုံးပြီး မစ်ဒယ်ဘရော့က ဘော်လ်တန်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

**မန်စီးတီးနှင့်ဘလက်ဘန်း**

အိမ်ကွင်း၌စုစည်းမှုကောင်းကောင်းဖြင့် ကစားတတ်သော မန်စီးတီးတို့ ဂိုးပြတ် ရှုံးနိမ့်ခဲ့ရသည်။ မန်စီးတီးသည် ပထမပိုင်းပွဲချိန်အတွင်း အချိန်အတော်များများ ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများ အဆုံးသတ်မကောင်းသဖြင့်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဘလက်ဘန်းသည် မန်စီးတီး တိုက်စစ်ကို ဟန့်တားရင်း တန်ပြန်တိုက်စစ်မှတစ်ဆင့် ပွဲချိန် ၄၄ မိနစ်နှင့် ၆၂ မိနစ်၌ ပီဒါဆင်တစ်ဦးတည်း နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သည်။ မန်စီးတီးတို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားသော်လည်း တိုက်စစ်မှူးများ ကန်ချက်မပိုင်မှုကြောင့် ချေပဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းအတွက် တတိယပွဲသိမ်းဂိုးကို မိနစ် ၉၀ ၌ ဒါဘိုင်ရှိုင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

မန်စီးတီးသည် ယခုပွဲရှုံးသဖြင့် တန်းစီဇယား၌ ၂၄ ပွဲကစား၊ အဆင့် ၁၃ ၌ ရှိနေပြီး ဘလက်ဘန်းမှာ ၂၃ ပွဲကစား၊ အဆင့် ၁၀ ၌ရှိနေသည်။

**မစ်ဒယ်ဘရော့နှင့်ဘော်လ်တန်**

မစ်ဒယ်ဘရော့တို့ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဂိုးများလည်းသွင်းယူနိုင်ခဲ့သည်။ ပွဲစတင်သည်နှင့် မစ်ဒယ်ဘရော့တို့ တိုက်စစ်ဖွင့်ကစားခဲ့ရာ ဘော်လ်တန်ခံစစ်မှူးများ မထိန်းနိုင်ဘဲ ပွဲချိန်ခြောက်မိနစ်၌ပင် ဘော်လ်တန်မှ စပိဒ်က ဘောလုံးဖျက်ရင်း ဂိုးဝင်သွားသဖြင့် မစ်ဒယ်ဘရော့တို့ လက်ဆောင်ဂိုးရရှိခဲ့သည်။

ထို့နောက် ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၁၀ မိနစ်၌ ဆာဗီရာ၊ ၂၃မိနစ်၌ ဗီဒူကာ၊ ၄၃ မိနစ်၌ ဒေါင်းနင်းနှင့် ၈၄ မိနစ်တွင် ဗီဒူကာတို့က ဆက်တိုက်သွင်းယူခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ ငါးဂိုးရရှိခဲ့သည်။ ဘော်လ်တန်အတွက် ချေပဂိုးကို ပွဲချိန် ၂၅ မိနစ်၌ နိုလန်က တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဘော်လ်တန်တို့ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ ။

ကိုးကားတင်ပြသူ
မြင့်မောင်စိုး



**မစ်ဒယ်ဘရော့မှ လီကာတေ မိုလီ(ယာ)နှင့် ဘော်လ်တန်မှ တယ်ဘန်ဟိန်တို့ ဘောလုံးယှဉ်လုစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

**အခြားပွဲ ရလဒ်များ**

| | | |
|---|---|---|
| ဗီလာ | ၂-၀ | ဝက်ဖို့ဒ် |
| နယူးကာဆယ် | ၂-၂ | ဝက်စ်ဟမ်း |
| ပို့စ်မောက် | ၀-၁ | ချာလ်တန် |
| ရက်ဒင်း | ၃-၁ | ရှက်ဖီး |

(အင်တာနက်)

## ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို သူလျှိုလုပ်သည်ဟု စွပ်စွဲခံရ၍ ဒေါသထွက်

**လန်ဒန် ဇန်နဝါရီ ၂၁**

ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် မဖြေရှင်းနိုင်သော ဩဇာလွှမ်းမိုးမှုကြောင့် ဒေါသထွက်ခဲ့ရကြောင်း အင်တာနက်တွင် ဇန်နဝါရီ ၁၈ ရက်က သတင်းဖော်ပြသည်။

အသက် ၃၀ အရွယ်ရှိ အဆိုပါ တိုက်စစ်မှူးသည် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုနှင့် ချယ်လ်ဆီးကလပ်၏ ရာထူးအဆင့်ဆင့်တို့ကြား ပဋိပက္ခတစ်ခုဖြစ်နေပုံရသည်။

၎င်းသည် ချယ်လ်ဆီးအသင်းပိုင်ရှင်လည်းဖြစ်၊ သူငယ်ချင်းလည်းဖြစ်သူ အေဘရာမိုဗစ်ချ်၏ သူလျှိုလုပ်ပေးနေကြောင်း စွပ်စွဲခံနေရသည်။ ယင်းစွပ်စွဲချက်များကို မဟုတ်မမှန်ကြောင်း ရှက်ဗ်ချင်ကိုက ငြင်းဆိုထားသည်။

ရှက်ဗ်ချင်ကိုသည် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်၏ ဆန္ဒအရ အေစီမီလန်အသင်းမှ ပေါင်သန်း ၃၀ဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ သို့သော်လည်း ၎င်းအနေဖြင့် ခြေစွမ်းပြဂိုးများ သွင်းယူနိုင်ခဲ့ခြင်းနည်းနေသဖြင့် နည်းပြ မော်ရင်ဟိုက အမြင်ကြည်လင်ခြင်းမရှိပေ။

ချယ်လ်ဆီးအသင်းသည် ယခုဇန်နဝါရီလ အပြောင်းအရွှေ့ ရာသီတွင် မည်သည့်ကစားသမားကိုမျှ ခေါ်ယူနိုင်ခြင်းမရှိမှုကြောင့် အဓိကကစားသမားများ ဆုံးရှုံးနစ်နာမှုဖြစ်ကာ ပြိုင်ဘက်မန်ယူနောက်မှ ခြောက်မှတ်လျော့၍လိုက်နေရသည်။

**ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို။**
(ဓာတ်ပုံ-အင်တာနက်)

ရှက်ဗ်ချင်ကိုသည် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုနှင့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်တို့အကြား သူလျှိုလုပ်ပေးနေသည်ဟု စွပ်စွဲခံနေရ၍ ဒေါသထွက်နေသည်။ **(အင်တာနက်)**

## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ကပိုင်ရွာနေ
(ဦးစိန်ငွေး)-ဒေါ်တင်လှတို့၏သား
**ဗိုလ်ကြီးတင်ဟန်လင်း B.A (History)**
**နှင့်**
မုံရွာမြို့နေ
ရဲမှူးကြီးမြင့်ဝေ-ဒေါ်တင်တင်ညွန့်တို့၏သမီးငယ်
**မယဉ်ယဉ်နွယ် B.Sc (Maths)**

တို့၏ ၁၉-၁-၂၀၀၇ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရွှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်းအားလည်းကောင်း၊ ၂၀-၁-၂၀၀၇ရက် မုံရွာမြို့ ပေါ်ဦးခန်းမဌကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ လက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့် ရတနာများကိုဆင်မြန်းပေးပါသော မန္တလေးမြို့ ပတ္တမြားရွှေဆိုင်မှ အန်တီ စန်းထွေးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်သောညှော်ပရိသတ်များနှင့်ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးတင်ဟန်လင်း-မယဉ်ယဉ်နွယ်။**

## လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

**သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း** ၏ဇနီး **ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)**အား နိုင်ငံတော်က **"သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နိုင်ငံတော်နှင့် သာသနာအကျိုး ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

**ဦးကြည်လွင်-ဒေါ်သီသီစန်း**
**ဦးရန်အောင်-ဒေါ်သင်းသင်းဝေ**
**ဦးကျော်စန်းမိုး-ဒေါ်သက်သက်နှင်း**
**ဦးမောင်လေး-ဒေါ်သန်းသန်းဝင်း။**

## တရားစခန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်မြို့ မဟာစည်ရိပ်သာကြီး၏ နာယကဖြစ်တော်မူသော မြန်အောင် လေးမျက်နှာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသသည် ဖေဖော်ဝါရီ၅ရက်မှစ၍ မြိတ်မြို့ အေးရိပ်ချောင် မဟာစည်ရိပ်သာ၌ ၁၀ရက်တရားစခန်းများဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## အင်အားပြင်း ငလျင်လှုပ်

ရန်ကုန် ဇန်နဝါရီ ၂၁

**၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၁ရက် မြန်မာစံတော်ချိန် ၁၈နာရီ ၀၄မိနစ် ၂၆စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏အရှေ့တောင်ဘက် မိုင် ၂၃၂၀ခန့်ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပနေရာ (ဆူလာဝေစီကျွန်း အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ဒသမ၃အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။** (သတင်းစဉ်)

## လက်ထပ်ပြီးစီးခြင်း

ကျောက်ဆည်မြို့၊ ဆည်ထိပ်တန်းတောရပ်နေ ဦးစောလွင်-ဒေါ်ခင်လှတို့၏သား
**မောင်စိုးလွင် B.A (Myanmar)**
**(ဦးစီးအရာရှိ၊ ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့)**
**နှင့်**
ဘုတလင်မြို့နယ်၊ လွှဲတဲရွာနေ ဦးမြင့်သိန်း (လက်ထောက်ဦးစီးမှူး၊ မြို့နယ်မြေစာရင်း၊ ဘုတလင်)-ဒေါ်နန်းကြည်တို့၏သမီးကြီး
**မသီတာမြင့် B.Sc (Maths)**
**(စာရင်းကိုင်-၃၊ ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့)**

တို့သည် ၂၀-၁-၂၀၀၇ရက် (စနေနေ့)၌ ဘုတလင်မြို့ မြဝတီခန်းမတွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်စိုးလွင်-မသီတာမြင့်။**

## ဝမ်းမြောက်ဂုဏ်ယူခြင်း

ပဋ္ဌာနဓိသမ္မာရအဖွဲ့ဝင်၏ နာယက (ဦးအုန်းမောင်)၊ ဒေါ်မိမိအုန်းတို့၏သမီး **ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)** အား နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **"သီရိသုဓမ္မသိင်္ဂီ"** ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် သာသနာတော်အကျိုး ဆတက်ထမ်းပိုးတို့၍ အထောက်အပံ့ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပါသည်။

**ရွှေတိဂုံစေတီတော် ရာဟုထောင့်**
**ပဋ္ဌာနဓိသမ္မာရအဖွဲ့။**

## ဝမ်းမြောက်ဂုဏ်ယူခြင်း

**သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း** ၏ဇနီး **ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)** အား နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **"သီရိသုဓမ္မသိင်္ဂီ"** ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် သာသနာတော်အကျိုး ဆတက်ထမ်းပိုးတို့၍ အထောက်အပံ့ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**ရွှေမဥ္ဇူ သီလရှင်စာသင်တိုက်။**

## လှိုက်လှဲဝမ်းမြောက်ဂုဏ်ပြုလွှာ

**သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း** (M.D. Dana Aung Production Co.,Ltd.)၏ဇနီး၊ **ဒေါ်ခင်ချိုအုန်း (ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး)** အား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ဖြင့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မသိင်္ဂီ** ဘွဲ့ကို ချီးမြှင့်ခံရခြင်းအတွက် မိသားစုနှင့်ထပ်တူ အထူးပင်လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ရှေ့သို့ဆက်၍လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ဆရာ ဒါယကာလက်တွဲကာ သာသနာအကျိုး၊ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

**ပဓာနနာယကဆရာကြီး ဒေါ်သေဝတီ**
**(သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့်**
**တပည့်သီလရှင် ဆရာလေးများ၊ သေဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်၊ မုံရွာမြို့။**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးသုံး စက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများကိုတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Laser Printer $A_4$ Size | (2)Nos |
| (ခ) | Colour Printer $A_4$ Size | (1)No |
| (ဂ) | Copier Digital Multi Functional System | (1)No |
| (ဃ) | Copier Digital Multi Functional System (Colour) | (1)No |

၂။ ချိပ်ပိတ်တင်ဒါများကို အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန နေပြည်တော်သို့ ၃၀-၁-၂၀၀၇ရက် ၁၅:၀၀နာရီထက်နောက်မကျဘဲ တင်သွင်းရမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို ၂၃-၁-၂၀၀၇ရက်မှစတင်၍ အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အမှတ်(၁)စက်မှုကြီးဌာန**
**စက်မှုညွှန်ကြားရေးဦးစီးဌာန**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၀၈၁၂၈၊ ၀၆၇-၄၀၈၁၃၁**
**အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၆၂၁၉၂၊ ၅၆၂၁၉၄။**

## နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တပညာဝံသမထေရ် ဘဝနတ်ထံစံလွန်တော်မူ

**ရန်ကုန် ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်း ကလေးမြို့နယ် ထိုမာကျေးရွာ ကောသလ္လာရာမ ကျောင်းတိုက် ပဓာနနာယက သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၈)ဝါရှိတော်မူသည့် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဝံသ မထေရ်ကြီးသည် (၁၃၆၈ခုနှစ် ပြာသိုလကွယ်နေ့) ဇန်နဝါရီ ၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီ ၁၅မိနစ်တွင် ဘဝနတ်ထံ စံတော်မူသွားကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကသတင်းရရှိသည်။ **(သတင်းစဉ်)**

## မော်လိုက်မြို့၌ သန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၁**

မော်လိုက်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြီးကြပ်မှုဖြင့် ဗိုလ်ချုပ်လမ်း တစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်မှုကို ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများသည် ဇန်နဝါရီ ၁၄ရက်က စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွဋ်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်း၊ မအူပင်ခရိုင်၊ မလက်တိုကျေးရွာ၊ အမှတ်(၂)ရွာကြီးပိုင်းနေ အဖ ဦးသန်းစိုး(ခ)ဦးမတ်စီ (PTW-014739)၏သားဖြစ်သူ မောင်လှဝေဇင်(ခ)ဝေဇင် ၁၄/မအပ(နိုင်)၀၆၀၇၃၈သည် မိဘနှင့်အဒေါ်များအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ပေါ်ပေါက်လာသောကိစ္စအရပ်ရပ်ကို တာဝန်မယူပါကြောင်း အသိပေးအပ်ပါသည်။

**ဦးသန်းစိုး (ခ) ဦးမတ်စီ။**

## အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋိလ(၃)လမ်း၊ အမှတ် ၈၀၇နေ ဒေါ်ခင်နှင်းမော် TGKN- ၀၀၆၆၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နှင်းမော်သည် တရားရုံးချုပ်ရှေ့နေ ဦးတင်ထွန်း (CF-၀၄၁၇၉၆)နှင့် တရားဝင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ၎င်းနောက် တစ်ဦးနှင့် တစ်ဦး စိတ်သဘောချင်း မတိုက်ဆိုင်ကြတော့သဖြင့် ၁၂-၇-၂၀၀၆ရက်စွဲပါ လင်ခန်းမယားခန်းကွာရှင်းပြတ်စဲကြောင်း နှစ်ဦးသဘောတူစာချုပ်အရ လမ်းမတော်မြို့နယ် ရဲစခန်း၌ သက်သေလူကြီးစုံရာရှေ့မှောက်တွင် တရားဝင်လင်ခန်း မယားခန်း၊ သားခန်း သမီးခန်းနှင့် ပစ္စည်းခန်းပါမကျန် ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ခင်နှင်းမော်နှင့် တရားရုံးချုပ်ရှေ့နေ ဦးတင်ထွန်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်နှင်းမော်၏လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးအောင်မြင့်သန့်**
**LL.B., D.B.L., D.M.L**
**အထက်တန်းရှေ့နေ (စဉ်-၂၁၉၂၆)။**



# ပညာရဲရင့် နိုင်ငံ့ဂုဏ်မြှင့်

**ထုံတီးနည်းနာ၊ အဖြာဖြာ၌**
**ပညာရှာမှီး၊ မကြီးသက်ရွယ်**
**အငယ်သော်က၊ ကြိုးလုံ့လလျက်**
**တုပ်ကွပုဆစ်၊ ဆရာစစ်၌**
**ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်**
**စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်**
**ကြိမ်းမောင်းသည်းခံ၊ ဆရာထံမှ**
**သင်အံကျက်လေ့၊ တစ်နေ့တစ်ပါး**
**မှတ်သားလေလေ၊ ဝမ်းထဲခွေ၍**
**အထွေအထူး၊ ဂုဏ်ကျေးဇူးကို**
**ဆည်းပူးသိမြင်၊ ကြွယ်စေမင်း။ ။**

(ကန်တော်မင်းကျောင်းဆရာတော်)

လူသားများတွင် ထူးခြားသော ဂုဏ်ဒြပ်အဖြစ် ပိုင်ဆိုင်ထားနိုင်ခြင်းမှာ **'အတတ်ပညာ၊ အသိပညာ'** ဟူသော ဂုဏ်ရည်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ပညာဟူသည်မှာ **'လူ့သင်္ကေတ၊ လူ့ဂုဏ်ရည်'** ဖြစ်ပါသည်။ ပညာသည် လောက၏ အဆင်တန်ဆာလည်း ဖြစ်ပါသည်။

လောကတွင် တန်ဖိုးအနဂ္ဃထိုက်တန်သော အရာသည် **"ပညာ"** သာဖြစ်ပါသည်။ ပညာဆိုသည်မှာလည်း အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန်တို့ကို ခွဲခြားစိတ်ဖြာပေးနိုင်သည့် အသိပညာ၊ အတတ်ပညာများကို ဆိုလိုပါသည်။ လောကအလယ်တွင် ပညာ၏ တန်ဖိုးသည် ကြီးမားလှပါသည်။ ပညာဖြင့် လောကသစ်၏ ရောင်ခြည်များကို ထွန်းညှိနိုင်ပါသည်။ ပညာ၏ ရှေ့ဆောင်မှုဖြင့် အရာရာကို ဖြတ်ကျော်နိုင်ပါသည်။ လူတစ်ဦးတစ်ယောက်၏ ဘဝ၊ လူမျိုးတစ်မျိုး၏ ကံကြမ္မာနှင့် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ် အစရှိသည်တို့သည် **"ပညာ၏စွမ်းအားတိုးတက်မှု"**နှင့် တိုက်ရိုက် အချိုးကျနေပါသည်။ ပညာဖြင့်သာ တိုးတက်မှု၊ သာယာမှု၊ ဖွံ့ဖြိုးမှု၊ အေးငြိမ်းမှုများကို ရယူပိုင်ဆိုင်နိုင်သဖြင့် **'ပညာ'**ဟူသည် **'အတုမရှိသောမြင့်မြတ်မှု'** ဟု တင်စားပြောဆိုလိုပါသည်။

ပညာဆိုသည်မှာ ကျောင်းစာ၊ ကျောင်းပညာသာမက လူတို့ တတ်သင့်၊ သိသင့်သော အရာမှန်သမျှကို စနစ်တကျ လေ့လာဆည်းပူး၍ ကျွမ်းကျင်တတ်မြောက်ခြင်းကို ခေါ်ဆိုပါသည်။ လောကအလယ်တွင် လူတို့ သိသင့်၊ တတ်သင့်သော ပညာဟူသည်မှာ ဆည်းပူးလေ့လာ၍ မကုန်ဆုံးနိုင်ပါ။ ထို့ကြောင့် **"အစဉ်သင်ယူနေသော မြန်မာ့လူ့ဘောင်"** ဟူသော စကားသည် အလွန်ထိရောက် တန်ဖိုးရှိလှပါသည်။ မျက်မှောက်ခေတ်တွင် အသိပညာ အတတ်ပညာများသည် တစ်နေ့တခြား မရပ်မနား ပြောင်းလဲတိုးတက်နေသဖြင့် ခြေတစ်လှမ်း ရပ်တန့်လိုက်သည်နှင့် နောက်ကျကျန်ခဲ့မည် ဖြစ်ပါသည်။ ပြောင်းလဲတိုးတက်နေသော ခေတ်နှင့်အမီလိုက်၍ ပညာကို အဆက်မပြတ် လေ့လာကြရန် လိုအပ်ပါသည်။

ပညာဗဟုသုတမရှိသူသည် လူ့ဘဝတွင် တန်ဖိုးရှိသူ မဖြစ်နိုင်ပါ။ လူအများထဲတွင်လည်း ရဲတင်းစွာ ဝင်ဆံ့မှုလည်း မရှိနိုင်ပါ။ ဗဟုသုတ နည်းပါးသောအခါ မိမိကိုယ်မိမိ ယုံကြည်မှုနည်းပါး သိမ်ငယ်စေပါသည်။ ပညာပြည့်ဝသူတို့သာ ရဲတင်းဝံ့ကြွားသော မာန်ဖြင့် ပညာ့ဂုဏ်ကို ဆောင်ကာ မင်းပွဲ၊ စိုးပွဲ၊ နိုင်ငံတော်ပွဲများတွင် ရဲရင့်သည့်အသွင်ဖြင့် ဝင်ဆံ့နိုင်ပါသည်။

ဂေါတမဗုဒ္ဓဘုရားရှင်သည် ပညာဓိကဘုရားရှင်ဖြစ်တော်မူပါသည်။ ပညာပါရမီကို ဖြည့်ဆည်းနိုင်ခဲ့၍ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိကာ လောကသုံးပါးတွင် ဘုရားအဖြစ် ရောက်ရှိခဲ့ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်၏ နှုတ်မှ **"သိပ္ပံ-သမံ ဓနံ-နတ္ထိ"** အတတ်ပညာနှင့်တူသော ဥစ္စာသည် မရှိဟူ၍ ဥဒါန်းကျူး၍ ဟောကြားခဲ့ပါသည်။

ပညာရဲရင့်သဖြင့် ပွဲလယ်တင့် ချီးမြှင့်မြှောက်စား ခံခဲ့ရသော သာဓကများစွာ ရှိပါသည်။ ဘုရားလောင်း မဟော်သဓာဘဝတွင် သားတစ်ပြဿနာစီရင်ခန်း၊ နွားတရားစီရင်ခန်း၊ လည်ရွဲတရား၊ ချည်လုံးတရား၊ သားတရား၊ ရထားတရား၊ ပတ္တမြားတရားစသည်တို့ကို ပညာစွမ်းဖြင့် ရင်ဆိုင်ဖြေရှင်း၍ ဘဝတွင် အောင်မြင်မှုများကို ရရှိခဲ့ပါသည်။ ဝန်ဇင်းမင်းဘိုးရာဇာသည် မထင်မရှားအညတြ လယ်သမားဘဝမှသည် မင်းတိုင်ပင်အမတ်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရခြင်းမှာလည်း ပညာရဲရင့် ပွဲလယ်တင့်ခဲ့ခြင်း သာဓကတစ်ခုပင် ဖြစ်ပါသည်။ ဇေနိပါတ်၊ အပဏ္ဏကဇာတ်တွင် ပညာရှိသော လှည်းကုန်သည်နှင့် ပညာမဲ့သော လှည်းကုန်သည် နှစ်ဦးတွင် ပညာရှိသော လှည်းကုန်သည် သည်သာ အောင်မြင်မှုခရီးကို ရောက်ရှိပြီး စီးပွားချမ်းသာများကို ပိုင်ဆိုင်နိုင်ခဲ့သည်မှာ ပညာရဲရင့်မှု သာဓက တစ်ခုပင်ဖြစ်ပါသည်။

မည်သူမဆို ပညာရည်ပြည့်ဝစေရန် အချိန်ကို တန်ဖိုးရှိစွာ အသုံးချ၍ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ပညာကို ကြိုးပမ်းအားထုတ်သင်ယူရန် အရေးကြီးသည်ကို မမေ့သင့်ပါ။ ပညာစွမ်းရည် ပြည့်ဝမှသာ လူ့ဘောင်လောကဝယ် ကျော်စောတင့်တယ်၍ ပွဲလယ်ဝင့်ထည်နိုင်မည် ဖြစ်ပါသည်။ ပညာပြည့်ဝသူတို့၏ ဆိုမိန့်စကားသည် ချိုမြိန်၏ နားဝင်ပီယံဖြစ်စေ၏။ ခံစားနိုင်ရန် ရသများလည်းပါဝင်၏။ ဟုတ်မှန်၍ နာယူလိုသော အဆိုစကားများသာ ဖြစ်ပါသည်။ ထို့ကြောင့် ပညာအစွမ်းဖြင့် ပြည့်ဝသောသူသည် ပညာ၏ဂုဏ်ကြောင့် ရဲရင့်ပြီး လူ့အသိုင်းအဝိုင်းကြားတွင် တင့်တယ်စွာ နေရာရကြသည်သာဖြစ်ပါသည်။

ပညာစွမ်းကြောင့် ကမ္ဘာကျော်ခဲ့သော ပုဂ္ဂိုလ်ကျော် များစွာသည် လောကအလယ်တွင် တင့်တယ်ခဲ့ရုံမျှမက အသက်သေသော်လည်း နာမည်တွင် ကျန်ရစ်ခဲ့ကြပါသည်။ များစွာသော မြန်မာပညာရှိကြီးတို့သည် ပညာအစွမ်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့ကြသည်မှာ အထင်အရှားဖြစ်ပါသည်။

ပညာရှာဖွေမှု (education)ဟူသည်မှာ အသိဉာဏ် (inteligence) နှင့် စိတ်ဓာတ်သတ္တိ(moral courage)ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်ပေးမှုပင် ဖြစ်ပါသည်။ ပညာသင်ကြားခြင်းဟူသည် အသိဉာဏ်ရော၊ စိတ်ဓာတ်ပါ ဖွံ့ဖြိုးပြည့်ဝစေအောင် ဖြည့်ဆည်းပေးရခြင်းပင်ဖြစ်ပါသည်။ ပညာရေး၏ အဓိကရည်မှန်းချက်မှာ အတွေးများ၊ အမှတ်သည်းချေများကို စုပြုံထည့်သွင်း ပေးရန်မဟုတ်ပါ။ ယင်းအရာကို သင်ခန်းစာအဖြစ် အသုံးပြုကာ ဝေဖန်ပိုင်းခြားတတ်သော ဦးနှောက်တစ်ခု ဖွံ့ဖြိုးဖြစ်ပေါ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရေးသာ ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ၌လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်၍ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည့် ပညာရေးစနစ်ကို ချမှတ်ဖော်ဆောင်လျက် ရှိနေပါသည်။ ပညာရေးစနစ်ကို ခေတ်မီစွာပြုပြင်ခြင်း၊ ပညာရေး အခြေခံအဆောက်အအုံများကို တိုးချဲ့မြှင့်တင်ခြင်း၊ နိုင်ငံလုံးကျွတ် စာတတ်မြောက်၍ ပညာရည်မြင့်မားရေး အစီအမံများကို လက်ယုက်ထိုး ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်နီးပါး အောင်မြင်မှုရရှိနေသည်ကို တွေ့ရှိနိုင်ပါသည်။

**မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းညွှန်ချက် (၅)ရပ် ချမှတ်ပေးခဲ့ပါသည်။

**ယင်းလမ်းညွှန်ချက် (၅)ရပ်မှာ-**

**၁။ ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝရေး၊**
**၂။ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊**
**၃။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြု သင်ကြားရေး၊**
**၄။ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များကို လေးစားလိုက်နာရေး၊**
**၅။ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးတို့ ဖြစ်ပါသည်။**

ယင်းလမ်းညွှန်ချက် (၅)ရပ်သည် အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် ပညာခေတ်ကိုထမ်းတင်ထားသော လှေကားထစ် ငါးထစ်ဖြစ်သကဲ့သို့ ပညာရည်တိုးတက်မြင့်မားစေရန် လမ်းညွှန်ပြသထားသော မီးမောင်းကြီး (၅)ခုလည်း ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရနှင့် ပြည်သူများသည် နိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးစေရမည်ဟူသော ခံယူချက်၊ ယုံကြည်ချက်များဖြင့် မြန်မာ့ပညာရေးမျှော်မှန်းချက်ကို ခိုင်မာလေးနက်စွာ ချမှတ်ခဲ့ပါသည်။ မြန်မာ့ပညာရေးမျှော်မှန်းချက်မှာ "မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်"ဟူ၍ ဖြစ်ပါသည်။

မြန်မာ့ပညာရေးစနစ် ခိုင်မာတည်မြဲပြီး အခြေခံအဆောက်အအုံ ခိုင်ခံ့စေရန် ပညာရေးကဏ္ဍတွင် အောက်ပါရည်မှန်းချက် (၉)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

၁။ နိုင်ငံတကာ ပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင်သည့် အခြေခံပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်။
၂။ တိုးတက်ပြောင်းလဲလာသည့် သိပ္ပံပညာနှင့် နည်းပညာများအကူအညီဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရန်။
၃။ ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှု အရည်အသွေး ပြည့်ဝသူများ ပေါ်ထွန်းလာစေရန်။
၄။ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင့်သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို စောင့်ထိန်းနိုင်သည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်။
၅။ ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ဘက်စုံပညာ ပြည့်ဝသူများ ပေါ်ထွန်းလာစေရန်။
၆။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး လူ့အဖွဲ့အစည်း တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်သည့် ကမ္ဘာ့လူရည်မွန်များ ပေါ်ထွန်းလာစေရန်။
၇။ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းလာစေရန်။
၈။ အသက်မွေးဝမ်းကျောင်းပညာ အခြေခံဖြင့် သင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီ ရရှိစေရန်။
၉။ အခြေခံပညာကျောင်းများကို ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြု ပင်မအသင်းဌာနများအဖြစ် ပေါ်ထွန်းလာစေရန်။

ဟူသည့် ရည်မှန်းချက်များထားရှိပြီး မြန်မာ့ပညာရေး မျှော်မှန်းချက်များ ပြည့်ဝအောင်မြင်စေရန် အခြေခံကောင်းများကို ထုနှင့် ထည်နှင့် အခိုင်အခံ့ သိုင်းဝိုင်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါသည်။ ပညာရိပ်မြုံများသည် လူသားတို့၏ လွတ်လပ်မှုကို ထိပါးစေမည့် အန္တရာယ်များကို မီးမောင်း ထိုးပြလျက် ရှိနေပါသည်။ ပညာရေးဖြင့် လွတ်လပ်ရေးကို ကာကွယ် ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးရေးကို တည်ဆောက်ရန် အချိန်ကာလကို ရောက်ရှိနေကြပြီ ဖြစ်ပါသည်။

ခေတ်အဆက်ဆက် စာဆိုရှင်၊ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်တို့သည် ခယောင်းလမ်းကိုလည်း လျှောက်ခဲ့ရသည်။ ဆူးရိုင်းတောကိုလဲ ခုတ်ထွင်ရှင်းလင်းခဲ့ရသည်။ ထောင်ချောက်များကိုလည်း ဖယ်ရှားခဲ့ရသည်။ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်၍ ပန်းတိုင်အရောက် လမ်းဖောက်ခဲ့ကြပါသည်။ ပင်ပန်းခြင်း၊ ဆင်းရဲခြင်း၊ အနစ်နာခံခြင်းများနှင့်အတူ မြန်မာ့စာပေသမိုင်းနှင့် မြန်မာနိုင်ငံသမိုင်း ရောင်ခြည်ဦးကို လက်ဆင့်ကမ်း အမွေပေးဝေ ဆက်ခံခဲ့ကြသည်။ ယနေ့ခေတ် မျိုးဆက်သစ်များသည် မြန်မာနိုင်ငံတိုးတက်မှု ရောင်ခြည်ဦးနှင့်အတူ အားမာန်များဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တိုးထွက်လာသော အသိပညာ၊ နည်းပညာများကို အမိအရ ဆုပ်ကိုင်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်မြှင့်တင်ကြရမည် ဖြစ်ပါသည်။ **"အချိန်ရှိခိုက် လုံ့လစိုက်၍"**၊**"ပညာရှာသူ ဝိုင်းဝန်းကူကာ"** ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် **"ပညာရဲရင့် ပွဲလယ်တင့်"** ကြစေရန် ကြိုးပမ်းထမ်းဆောင်ကြရမည် ဖြစ်ပါသည်။ ပညာဉာဏ်စွမ်းဖြင့်သာ ကျယ်ဝန်းနက်ရှိုင်းသော လောကထဲသို့ ရဲရဲတင်းတင်း တိုးဝင်လေ့လာသင့်သော အချိန်အခါဖြစ်နေပါသည်။ ဖိနပ်နှင့်ရေဘူးမပါ နွေအခါမှသိမည်ဆိုသကဲ့သို့ ပညာနှင့်သညာမပါ ဘဝနာမှ သိမည်ဖြစ်ပါသည်။ ကျောင်းသင်ပညာများ၊ လေ့လာလိုက်စားသင့်သော အတတ်ပညာများ မပြည့်စုံပါက အသိအလိမ္မာလဲ မရနိုင်ပါ။ ပစ္စည်းဥစ္စာလဲ ရှာဖွေမရရှိနိုင်ပါ။ မိတ်ဆွေကောင်းများလဲ မရရှိနိုင်ပါ။ တိုးတက်မှုလမ်းများ ပိတ်ဆို့နေမည်သာ ဖြစ်သည်။ မပြည့်စုံ မလုံလောက်ခြင်းများ အလယ်တွင် သံသရာလည်ရင်းဖြင့် မကြီးပွား မတိုးတက်နိုင်ပါ။

**"ဉာဏဝန္တော ကမ္မသိဒ္ဓေါ"** ပညာရှိလျှင် အရာရာ လျင်မြန်စွာ ပြီးမြောက်အောင်မြင်နိုင်သည် ဟူသည်ကို မမေ့မလျော့ဘဲ ကျင့်ကြံကြိုးပမ်းလေ့လာဆည်းပူးရန်လိုအပ်ပါသည်။ ပညာ၏ ထုထည်ပမာဏကို သချာဖြင့်တွက်ချက်၍မရသလို ပညာ၏အရှည်အလျားကိုလည်း ဂဏန်းဖြင့် မကန့်သတ် မတွက်ချက်နိုင်ပါ။ ပညာ၏အကျယ်အဝန်းကိုလဲ ကိန်းရေဖြင့် မဖော်ပြနိုင်ပါ။ **"ပညာဆောင်လျှင် လွန်အောင်မြင်၊ ချမ်းသာဆောင်တတ်သုခမြတ်"**ဟုဆိုရမည် ဖြစ်ပါသည်။ ပညာရဲရင့် ပွဲလယ်တင့်စေရန် စံပြုကဝိပညာရှိအဖြစ်သို့ ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ယနေ့လူငယ်လူရွယ်များသည် ပညာကိုအခြေခံ၍ အသိပညာ၊ အတတ်ပညာ၊ သိပ္ပံပညာ၊ နည်းပညာ၊ လူမှုဆက်ဆံရေးပညာ၊ နိုင်ငံတကာဆက်သွယ်ရေးပညာ စသည်များကို အခြေခံမှစ၍ ကျွမ်းကျင်ပိုင်နိုင်စွာ စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရမည် ဖြစ်ပါသည်။

**ယနေ့ ပညာခေတ်တွင် ကမ္ဘာ့ ပညာရွာထဲသို့ ချဉ်းနင်းဝင်ရောက်လိုက်ပါနေကြသော ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်တိုင်းသည် သိပ္ပံခေတ်ထဲသို့ တိုးဝင်ချီတက် လျှောက်လှမ်းကြရမည်ဖြစ်။**

**ယနေ့ပညာခေတ်တွင် ကမ္ဘာ့ပညာရွာထဲသို့ ချင်းနင်းဝင်ရောက်လိုက်ပါနေကြသော ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်တိုင်းသည် သိပ္ပံခေတ်ထဲသို့ တိုးဝင်ချီတက် လျှောက်လှမ်းကြရမည်ဖြစ်** ပါသည်။ ပညာရည်ဝပါမှ လူရည်လှ၍ ဘဝတွင် တိုးတက်ခြင်း၊ အောင်မြင်ခြင်း၊ ကြည်နူးချမ်းမြေ့ခြင်း၊ ရဲရင့်ထက်မြက်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်း၊ စိတ်ဘဝင်တွင် အလိုလောဘနည်းပါး၍ ငြိမ်းချမ်းမှုများ ပြည့်ဝခြင်းတို့ကို ပိုင်ဆိုင်ရရှိနိုင်မည် ဖြစ်ပါသည်။

ပညာတတ်နိုင်ငံအဖြစ် တစ်နိုင်ငံလုံးကို ပညာဖြင့် လွှမ်းခြုံရန် ဘက်စုံကြိုးပမ်းနေချိန်တွင် ပညာရေးကို ညီညာခြင်း၊ စည်းလုံးခြင်း၊ ချစ်ကြည်ခြင်းဖြင့် မြှင့်တင်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် **ပညာရဲရင့် နိုင်ငံ့ဂုဏ်မြှင့်**ကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ သာကေတမြို့နယ် (၁)ရပ်ကွက် ထူပါရုံအနောက် ၉လမ်း အမှတ် ၉၄၄ နေ ဦးမြင့်ဦး-ဒေါ်ခင်မြင့်၊သမီး ဒေါ်သန်းသန်းမြင့် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်း (ဂမုန်းပွင့်သောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ကျောက်ဆည်) အရှင်ဝိမလထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## လွတ်လပ်ရေးနေ့ဂုဏ်ပြု အနောက်သီတာလမ်း တံတားသစ်ဖွင့်

ဘီးလင်း ဇန်နဝါရီ ၈

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘီးလင်းမြို့ အနောက်သီတာလမ်း တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်မျိုးအောင်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိခင်ကြီး ဒေါ်စု၊ သား ကိုသန်းစိုး၊ ကိုကျော်ရှိန်၊ ကိုမိုးအောင်ကျော်တို့အား ရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း တိုက် ၈၅ အခန်း ၄ နေ ဒေါ်ခင်သန်းနှင့် ဒေါ်ဖြူမာဦး မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## လုပ်ငန်းခွင်အရည်အချင်းမြှင့်တင်ရေး သင်တန်းဖွင့်ပွဲ ဟသ်ာတမြို့၌ကျင်းပ

ဟသ်ာတ ဒီဇင်ဘာ ၃၁

ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ခြောက်မြို့နယ်ဝန်ထမ်းများ၏ လုပ်ငန်းခွင်အရည်အချင်း မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၂/၂၀၀၆) ဖွင့်ပွဲ၊ ဂြိုဟ်တုစလောင်းဖမ်းစက်နှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ဟသ်ာတခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဦးတင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ငွေကျပ် ၂၆၀၀၀၀ တန် ဂြိုဟ်တုစလောင်း ရုပ်သံဖမ်းစက်တစ်လုံး၊ ဟသ်ာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးခင်အောင်ချိုက ကျေးရွာစာကြည့်တိုက်များအတွက် ဟသ်ာတတက္ကသိုလ် ၂၀၀၅-၂၀၀၆ ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်းစာအုပ် ၃၆၀၀၊ ရန်ကုန်မြို့ မြန်မာ့ကြိုလုပ်ငန်း မန်နေဂျာဦးလှိုင်ဒင်စိုးက ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၁၁၄ အုပ်၊ မြန်မာ့ဂုန်လျှော်(ရုံးချုပ်) လက်ထောက်မန်နေဂျာ ဒေါ်စန်းကြည်က စာအုပ်မျိုးစုံ ၃၃ အုပ်ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီ၊ ဦးစီးမှူးဦးမောင်မောင်ညွှန့်တို့က လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့နယ်ဝင်းဂုဏ်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းလွင်နှင့် အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းတို့ တက်ရောက်စဉ်။**

(မြို့နယ်စည်ပင်)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**တပို့တွဲလဆန်း ၆ ရက်**
**၂၃-၁-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

**နေ့လယ်ပိုင်း**

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ပင်လယ်လိပ်ထိန်းသိမ်းရေးလုပ်ငန်း)
၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (သမိုင်းတွင်ထင်ရှားသော သာလွန်မင်းတရား-သာရဝေါစိုးကြည်)
၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (တစ်ဘဝအတွက် နှစ်နာရီအလို)
၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ဒန့်သလွန်သီးဝတ္ထုအဆက်)
၁၂:၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (လတပို့တွဲထမနဲ)
၁၃:၁၀ ပညာရေးအစီအစဉ် (အလယ်တန်းအင်္ဂလိပ်စာ)

**ညနေပိုင်း**

၁၆:၀၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) တို့ချစ်မြေ (စန္ဒရားဘိုကြီးအဖွဲ့)
(၂) ကျေးဇူးတရား (တင်အောင်မိုးနှင့်အဖွဲ့)
(၃) တိုင်းပြည်အတွက် အမြဲအသင့် (စန္ဒရားမြဦးအဖွဲ့)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (သွက်သွက်မှန်မှန် ကျန်းမာရန်-ဒေါက်တာမြင့်သန်း-ညောင်လေးပင်)
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အနာသိလျှင် ဆေးရှိသည်)
၁၉:၁၅ ကျန်မာရေးနှင့် ဆေးပညာ (ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါ တိုက်ဖျက်စို့)
၁၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) လှေကလေး (အောင်ရင်၊ ဟေမာနေဝင်း)
(၂) အကြင်နာမြစ်ကလေးတစ်စင်း (မောင်သိန်းဝင်း၊ နွဲ့ယဉ်ဝင်း)
(၃) ချစ်လို့ရယ်မကုန် (စန္ဒရားလှထွတ်၊ ကြည်ကြည်ဝင်း)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အိပ်မက်ထဲက မေ့ချစ်သူ (ခင်ညိုလင်း)
(၂) ပန်းဦးပန်မယ့်သူ (သုမောင်)
(၃) အချစ်ဆိုသောအရာ(တင်တင်မြ)

## (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရသူများအား ဆုချီးမြှင့်

စဥ့်ကူး ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၇နာရီက စဥ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်၌ နယ်ချဲ့ပရိယာယ် အစဉ်သတိပြုကာကွယ် ခေါင်းစဉ်၊ အလယ်တန်းအဆင့်၌ လွတ်လပ်ရေးမှသည် နိုင်ငံတော်သစ်ဆီသို့ ခေါင်းစဉ်နှင့် မူလတန်းအဆင့်၌ လွတ်လပ်ရေးနေ့ ဒို့မမေ့ ခေါင်းစဉ်တို့ဖြင့် ပြိုင်ပွဲဝင်ဆုရကြသော ကျောင်းသား ကျောင်းသူတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုစန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီး၊ ဗဟိုဈေးနှင့် ပိတောက်မြိုင်ဈေးများတွင် မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအတွက် ဒီဇင်ဘာ ၁၈ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ချိုကြီးကြပ်၍ မြို့နယ် မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးစိုးမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများက မီးသတ်ယာဉ်များဖြင့် အရေးပေါ် မီးငြိမ်းသတ်ရေး ပူးပေါင်းသရုပ်ပြ လေ့ကျင့်ကြစဉ်။** (၄၁၄)

**တွံတေးမြို့ ဈေးသစ်ရပ်ကွက် (၉)ကြိမ်မြောက် သက်ကြီးဘိုးဘွားများ ပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက်က ဈေးကြီးလမ်းရှိ အလှူခံမဏ္ဍပ်၌ ကျင်းပရာ စေတနာရှင် အလှူရှင်များနှင့် ရပ်ကွက်လူငယ်များက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။** (၃၈၀)

## မအူပင်စည်ပင် ကျေးလက်တံတားတည်ဆောက်

မအူပင် ဇန်နဝါရီ ၁၅

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အောင်ဟိတ်-ပုလဲကုန်း-စံလင်းထောင့်လမ်းပေါ်ရှိ ပုလဲကုန်းကျေးရွာအဝင် သံကူကွန်ကရစ်တံတားကို လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့် ဦးစီး၍ဆောင်ရွက်ရာသို့ ဇန်နဝါရီ ၃ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့ ကွင်းဆင်း ကြီးကြပ်ပေးသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

## ပိုးသတ်ဆေးပါဝင်မှု ကြည့်ရှုစစ်ဆေး

ဂွ ဒီဇင်ဘာ ၃၁

ဂွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း စားသုံးရန်ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်နှင့် သားငါးများတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ ပါဝင်မှု ရှိမရှိကို ဒီဇင်ဘာ ၂၅ ရက်က ဈေးဝန်ထမ်းများ စစ်ဆေးကြရာ အမှုဆောင်အရာရှိ ဦးဦးတင်မောင်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## ကျန်းမာရေးနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပညာပေးရှင်းလင်း

ရေနံချောင်း ဇန်နဝါရီ ၃

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဦးရှိန်မြင့်မောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်း၍ ဒီဇင်ဘာ ၂၁ ရက်က ရေနံချောင်းမြို့ မြို့မဈေးအတွင်းရှိ သားငါးဆိုင်များ၊ စားသောက်ဆိုင်များနှင့် မြို့ပေါ်ရှိစားသောက်ဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး ကျန်းမာရေးနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပညာပေး ရှင်းလင်းကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# ရှမ်းပြည်တပ်မတော် အက်စ်အက်စ်အေ တပ်မဟာ(၇၅၈) ကြေညာချက်

## မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုကို မျက်ကွယ်ပြုပြီး အချုပ်အခြာအာဏာ တည်ရှိမှုနှင့် တည်ငြိမ်ငြိမ်းချမ်းရေးကို ထိပါးရာရောက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်ကို ပြင်းပြင်းထန်ထန် ရှုတ်ချ

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ရှမ်းပြည်တပ်မတော် အက်စ်အက်စ်အေ တပ်မဟာ(၇၅၈)က ဇန်နဝါရီ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်**
**ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်**
**SSA-S(မိန်းစင်) အဖွဲ့၏သဘောထားထုတ်ပြန်ကြေညာချက်**

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

၁။ ကျွန်ုပ်တို့ SSA-S(မိန်းစင်)အဖွဲ့သည် နိုင်ငံတော်၏စေတနာနှင့် လုပ်ရပ်များကို သဘောပေါက်နားလည်၍ ၂၀၀၆ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ဥပဒေဘောင်အတွင်း စာမျက်နှာ ၉ ကော်လံ ၁ ❍

# ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (K.N.P.D.P)၏ သဘောထားကြေညာချက်

## မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး အမေရိကန်နှင့် ဗြိတိန်တို့၏ မူကြမ်းတင်သွင်းရန် ကြိုးပမ်းချက်အား လုံးဝလက်မခံ၊ ကန့်ကွက်

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဇန်နဝါရီ ၁၇ တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်**
**ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်**
**ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (K.N.P.D.P)၏ သဘောထားထုတ်ပြန်ကြေညာချက်**

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်

၁။ ကယားပြည်နယ်၊ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ စာမျက်နှာ ၇ ကော်လံ ၁ ◻

# ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့ ကြေညာချက်

## ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကို တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းရမည့်အရေးဖြစ် ပြည်ပမှဝင်ရောက်စွက်ဖက်မှုအား ကန့်ကွက်

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့က ဇန်နဝါရီ၁၈ ရက်တွင် သဘောထားကြေညာချက် တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်**
**ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်**
**ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၏သဘောထားထုတ်ပြန်ကြေညာချက်**

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

၁။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အစီအစဉ်တင်သွင်းမှုအပေါ် စာမျက်နှာ ၉ ကော်လံ ၄ ✻

# မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး သဘောထား ကြေညာချက်ထုတ်ပြန်

## အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် မိမိ၏ပြည်တွင်းရေးတွင် မည်သည့်ပြည်ပနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကိုမျှ ခံယူမည်မဟုတ် ပြည်ပအားကိုးနေသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ပြင်းထန်စွာရှုတ်ချ

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးက ဇန်နဝါရီ ၁၆ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်**
**ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်**
**မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၏ သဘောထားကြေညာချက်**

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ စာမျက်နှာ ၉ ကော်လံ ၄ ■

# မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ကြေညာချက်

## အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကုလသမဂ္ဂကို အသုံးချနေချိန်တွင် ပြည်တွင်းပြည်ပမှ ပါတီနိုင်ငံရေးသမားများ အမျိုးသားသစ္စာဖောက်များက ဝမ်းသာအားရထောက်ခံနေခြင်းကို ကန့်ကွက်ရှုတ်ချ

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက် တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်**
**ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ သဘောထားကြေညာချက်**

ရက်စွဲ။ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၁၈ရက်

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် အမေရိကန်က ကုလသမဂ္ဂလုံခြုံရေး ကောင်စီ အစည်းအဝေးအစီအစဉ်တွင် မြန်မာနိုင်ငံအရေးကိစ္စသည် စာမျက်နှာ ၉ ကော်လံ ၄ ✡

# မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သဘောထားကြေညာချက်ထုတ်ပြန်

## ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အင်အားကြီးပြည်ပနိုင်ငံများမှ မြန်မာ့အရေးကိစ္စကို ဝင်ရောက်စွက်ဖက်လာရန် ကြိုးပမ်းအားထုတ်နေခဲ့ကြသည့် ပြည်တွင်းပြည်ပအမျိုးသားသစ္စာဖောက်များ၏လုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချ

**ရန်ကုန် ဇန်နဝါရီ ၂၁**

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင် ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကုလသမဂ္ဂကို တလွဲအသုံးချပြီး မြန်မာနိုင်ငံကို ဒုက္ခပေးလိုသည့် အမေရိကန်နှင့် ဗြိတိန်တို့၏**
**မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်ဆုံးဖြတ်ချက်**
**ချမှတ်ရေး မူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏သဘောထားထုတ်ပြန်ကြေညာချက်**

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက် စာမျက်နှာ ၇ ကော်လံ ၁ ●